ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့၊ (30-11-2010) (၆၅၉၈)

✪ တိုင်းရင်းသားများအားလုံးသည် တစ်ဦးနှင့်တစ်ဦး အေးအတူပူအမျှ သာတူညီမျှ အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြမည်ဆိုသည့် ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ။

✪ ပြည်ထောင်စုစိတ်ဓာတ်သည်သာ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကောင်းမှုလုံကြိုးတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်စဉ်။ (သတင်းစဉ်)

ပူတာအိုမြို့နယ်တွင် မလိခမြစ်ကူး ကောင်းမှုလုံကြိုးတံတား ဖွင့်ပွဲအခမ်းအနားကျင်းပ

ကချင်ပြည်နယ်အတွက် အစင်း ၂၀ မြောက် နိုင်ငံတော်က တည်ဆောက်ပေးသည့် ပေ ၁၈၀ အထက် တံတားကြီးဖြစ်

ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံမှ တိုးတက်လာမည်

နေပြည်တော် နိုဝင်ဘာ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ်ရှိ ကောင်းမှုလုံကြိုးတံတား ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် အဆိုပါ ကြိုးတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်၍ တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး၊ ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဗိုလ်ချုပ်စိုးဝင်း၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်ရာပြည့်၊ စစ်ဦးစီးအရာရှိချုပ် (လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ပူတာအိုမြို့နယ်ရှိ ကောင်းမှုလုံကြိုးတံတားကို တွေ့ရစဉ် (သတင်းစဉ်)

ကြေးမုံ
The Mirror
၃၀-၁၁-၂၀၁၀
(အင်္ဂါနေ့)

ရထားလမ်းသစ်ကွန်ရက်များ တိုးချဲ့ပေါ်ထွက် အထောက်အကူပြုစက်ရုံများ ဖွင့်လှစ်

ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူမှုစီးပွားမြင့်မားရေးတို့တွင် ရေမြေရာသီဥတုကောင်းခြင်း၊ သဘာဝ သယံဇာတပေါများကြွယ်ဝခြင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ခြင်းတို့သည် အခြေခံလိုအပ်ချက်များဖြစ်သည်။

နိုင်ငံအတွင်း ရေမြေရာသီဥတု ကောင်းမွန်သည်။ သဘာဝသယံဇာတများ ကြွယ်ဝသည်။ စိုက်ပျိုးသီးနှံစုံနှင့် ရေထွက်ပစ္စည်းများလည်း ထွက်ရှိသည်။ ကူးသန်းဆက်သွယ်သွားလာမှု လွယ်ကူစေရေး အလေးထားပြီး လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသည်။ ယခုအခါ မြစ်ချောင်း၊ တောင်တန်း သဘာဝမြေပြင်ကန့်သတ်ချက်များကို ကျော်လွှန်၍ မြစ်ကူး ချောင်းကူး တံတားများ တည်ဆောက်ပေးထားပြီ။ ကားလမ်းသစ်များ ဖောက်လုပ်ပေးနေပြီ။ ရထားလမ်းသစ်များ တိုးချဲ့ပေါ်ထွက်လာလျက်ရှိသည်။

လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မီးရထားလမ်းသစ်များလည်း တိုးချဲ့ဖောက်လုပ်လျက်ရှိသည်။ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ကြံခင်း-ပခုက္ကူရထားလမ်း၊ ရိုးမ ဖြတ်ကျော်ဖောက်လုပ်ထားသည့် အရှေ့-အနောက်လမ်းများနှင့် ပုသိမ်-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းမကြီးများ ပါဝင်သည်။ အချို့ရထားလမ်းပိုင်းများ ဖောက်လုပ်ဆဲဖြစ်သည်။ ဖောက်လုပ်ပြီးစီးသည့် လမ်းပိုင်းများ ဖွင့်လှစ်နိုင်၍ ဒေသခံပြည်သူများ လွယ်ကူစွာ သွားလာနေကြပြီ။

ယင်းသို့ ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်နေမှုနှင့်အတူ အထောက်အကူပြု စက်ရုံများကိုလည်း ဖွင့်လှစ်လျက်ရှိသည်။ မြန်မာ့မီးရထား၏ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံးစက်ရုံ(ခင်ဦး)ကို နိုဝင်ဘာ ၂၇ ရက်က ဖွင့်လှစ်လိုက်သည်။ အဆိုပါစက်ရုံမှ ထွက်ရှိလာမည့် ကွန်ကရစ်ဇလီဖားတုံးများကို မန္တလေး-မြစ်ကြီးနားလမ်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရထားလမ်းများတွင် အသုံးပြုသွားမည်ဖြစ်သည်။

ယခုနှစ်အတွင်း ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားတုံးစက်ရုံ (ပခုက္ကူ)နှင့် ကွန်ကရစ်ဇလီဖားတုံးစက်ရုံ (ဥသျှစ်ပင်) တို့ကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ အဆိုပါစက်ရုံများ ဖွင့်လှစ်လိုက်သည့်အတွက် ရထားလမ်းသစ်များ၏လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေပြီဖြစ်သည်။

ရထားပို့ဆောင်ရေးလုပ်ငန်းသည် ခရီးသည်နှင့် ကုန်စည်အများအပြားကို သယ်ယူပို့ဆောင်ပေးနိုင်သည်။ ကုန်စည်စီးဆင်းမှု ကောင်းမွန်ရေး အထောက်အကူပြုသည်။ ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးခြင်း၊ ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်းတို့နှင့်အတူ ခရီးသွားပြည်သူများ၏ ခရီးသွားလာမှုနှင့် စီးပွားကုန်သွယ်မှုလုပ်ငန်းများ မြန်ဆန်တိုးတက်ကောင်းမွန်လာနေပြီ ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား	
	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
	✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကမ္ဘာ့ဆီးချိုသွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့ အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၉

ကမ္ဘာ့ဆီးချိုသွေးချိုကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်နံနက်ပိုင်းတွင် လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆေးတက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ခရိုင်နှင့် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာ စကားပြောကြားသည်။

ထို့နောက် ဆီးချိုသွေးချို ကာကွယ်ထိန်းသိမ်းရေးစီမံချက် မန်နေဂျာက ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကော်မတီနှင့် သူနာပြုတက္ကသိုလ်တို့သို့ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးသည် ကမ္ဘာ့ဆီးချိုသွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းနှင့် ဆေးပစ္စည်းမျိုးစုံတို့ကို ကြည့်ရှုအားပေးသည်။**(ယာပုံ)**

အဆိုပါအခမ်းအနားတွင် ဆီးချိုသွေးချို ရောဂါကာကွယ်ရေးနှင့် စပ်လျဉ်း၍ စာတမ်းဖတ်ပွဲများကျင်းပပြီး ဝေဒနာရှင်များအား လက်တွေ့ကုသမှုများ ပြုလုပ်ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီမြစ်ကူး အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

ရန်ကုန် နိုဝင်ဘာ ၂၉

ဧရာဝတီမြစ်ကူး အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်းတွင် ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့် (၆)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅)အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားသည်။

ယခုအခါ ရေနည်းကာလသို့ရောက်ရှိပြီး ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှ လည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၁၁၀ မီတာရှိ၍ ကင်းလွတ်အမြင့်မှာ ၁၇ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်းပြသထားမည် ဖြစ်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာပေးဟောပြော

ဗိုလ်တထောင်မြို့နယ် အထက(၂)၌ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးအလွဲသုံးမှုအန္တရာယ် ဆိုးကျိုးများနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၉ရက်က ကျင်းပရာ ဗိုလ်တထောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးလွင်ဦး ပညာပေးဟောပြောစဉ်။ (ရဲတပ်ဖွဲ့)

အထက အင်းတကော် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

အင်းတကော် အထကတွင် ပညာသင်ကြားပေးခဲ့သော ကျေးဇူးကြီးမားဆရာကြီး၊ ဆရာမကြီးများအား ၁၉၉၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်ထိ ၁၅နှစ် တိုင်အောင် အာစရိယပူဇော်ပွဲကို နှစ်စဉ်ကျင်းပခဲ့ပြီးဖြစ်သည်။

ယခုနှစ်တွင်လည်း (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ဦးခင်စိုး ဖုန်း-၀၉-၅၃၀၉၁၆၁၊ ဦးကျော်ငွေ ဖုန်း-၀၁-၅၇၂၁၄၆၊ ဒေါက်တာငွေအောင် ဖုန်း-၀၉-၅၁၈၉၉၁၂၊ ဗိုလ်မှူးခွန်ငွေကျော် ဖုန်း-၀၉-၄၉၂၈၂၅၆၅၊ ဦးတင်စိုး ဖုန်း-၀၉-၅၃၆၃၇၄၈၊ ဦးကျော်ရှင်း ဖုန်း-၀၉-၅၃၀၉၀၁၇၊ ဦးမင်းကြည် ဖုန်း-၀၉-၅၁၉၄၃၀၇၊ ဒေါ်အေးအေးသင်း ဖုန်း-၀၁-၇၀၇၈၅၁၊ ဦးဝင်းမြင့်အောင် ဖုန်း-၀၉-၄၉၄၅၀၁၅၄နှင့် ဆရာသန်းထိုက်အောင် ဖုန်း-၀၉-၅၀၆၀၅၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အထက(၁) လသာ ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ (စင်ထရယ်) အထက(၁) လသာကျောင်းသားဟောင်းများက (၁၈)ကြိမ်မြောက် ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်း ဗဟိုစံပြခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ပါရန်နှင့် လှူဒါန်းလိုပါက ဗိုလ်မှူးခင်ညို(ငြိမ်း) ဖုန်း-၀၉-၅၄၀၉၀၃၄၊ ဦးခင်မောင်စိန် ဖုန်း-၀၉-၅၀၀၄၀၅၂၊ ဦးခင်မောင်ဘို ဖုန်း-၂၉၃၄၄၈၊ ဦးခင်မောင်ကြီး ဖုန်း-၀၉-၈၀၂၄၅၁၄၊ ဦးမင်း ဖုန်း-၇၃၀၄၈၅၀၃၊ ဦးအောင်လှ ဖုန်း-၀၉-၅၅၅၃၃၅၅၊ ဦးအောင်ကြည် ဖုန်း-၀၉-၅၁၇၈၄၃၉၊ ဦးလှသိန်း ဖုန်း-၀၉-၈၀၂၁၇၄၆၊ ဦးထင်ကျော် ဖုန်း-၀၉-၅၁၈၆၀၂၁၊ ဗိုလ်မှူးချစ်ညွန့် (ငြိမ်း) ဖုန်း-၀၉-၅၀၀၁၃၇၈၊ ဦးအောင်ခိုင် ဖုန်း-၀၉-၅၀၆၈၉၆၈၊ ဦးနိုင်ငွေဝင်း ဖုန်း-၀၉-၅၁၀၂၅၂၉၊ ဦးသိန်းဇံ ဖုန်း-၀၉-၉၉၂၅၈၃၁၊ ဦးစိုးတင့်(၁) ဖုန်း-၀၉-၅၁၉၉၁၁၇၊ ဦးအောင်တင် ဖုန်း-၀၉-၅၁၁၀၃၈၈၊ ဦးစိုးမင်းအောင် ဖုန်း-၀၉-၅၀၀၅၃၆၈၊ ဦးအေးထွန်း ဖုန်း-၀၉-၅၁၅၉၂၇၂ နှင့် ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၇၈၂၃၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အမက(၁) ဗဟိုအင်းစိန်၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက်က ကျင်းပရာ စတုတ္ထတန်း (အတန်းပေါင်းချုပ်)၌ ပထမဆုရရှိသော မောင်မိုးထက်သူရအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းနွယ် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် ပူတာအိုလေဆိပ် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ် ဒေသဖွံ့ဖြိုးမှုအခြေအနေများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်တို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မြစ်ကြီးနားမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ပူတာအိုမြို့သို့ ရောက်ရှိသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမဆောင်၌ တာဝန်ရှိသူများက ပူတာအိုလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်က ပူတာအိုလွင်ပြင်၏ အကျယ်အဝန်းနှင့် ပထဝီအနေအထားကို ရှင်းလင်းတင်ပြပြီး ပူတာအိုမြို့တွင် ကြိုတင်ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က မြစ်ကြီးနားလေဆိပ်နှင့် ပူတာအိုလေဆိပ် လေယာဉ်ပြေးလမ်းများ တိုးချဲ့တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ပူတာအိုလေဆိပ်၏ လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားရန် နေရာတို့ကို နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေနေရာ ရှင်းလင်းခြင်း၊ အပေါ်ယံမြေသားဖယ်ရှားခြင်းနှင့် အကွက်လိုက်ဖာထေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ကာ လမ်းမျက်နှာပြင်ညှိလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် လေယာဉ်ပြေးလမ်း အရှည် ပေ ၈၅၀၀ အထိရရှိရန် ပေ ၁၅၀၀ တိုးချဲ့ခြင်း လုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိရာ လေယာဉ်ပြေးလမ်း တိုးချဲ့ပြီးစီးပါက Air Bus လေယာဉ်ကြီးများ ဆင်းသက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ပူတာအိုမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်သို့ ရောက်ကြပြီး နယ်မြေခံတပ်ရင်း အလန်ဘိုတိုခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က တပ်ရင်းအတွက် သတင်းစာနှင့် စာအုပ်စာစောင်များ၊ စားသောက်ဖွယ်ရာများကိုပေးအပ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးက ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် မချမ်းဘောမြို့နယ် ဂူဘားခန်းမသို့ရောက်ရှိပြီး မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက မြို့နယ်၏ အကျယ်အဝန်း၊ လူဦးရေ၊ ရာသီဥတုအခြေအနေနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဝမ်းစာဖူလုံမှုခိုင်မာရေးအတွက် စိုက်ပျိုးသီးနှံများကို ပန်းတိုင်ရည်မှန်းချက်ထွက်ရှိအောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးရေရရှိရေးနှင့် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာကို စနစ်တကျသုံးစွဲရေးတို့ကို အလေးထား ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်က နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးထားပြီးဖြစ်၍ ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်လာအောင်လည်း အားထုတ်လုပ်ကိုင်ကြရန် လိုကြောင်း။

အလားတူ မိမိတို့ဒေသတွင် ပညာတတ်များ ပေါ်ထွန်းလာစေရေးအတွက် ပညာရေးကို အားပေးမြှင့်တင်သွားကြရန် လိုအပ်ကြောင်း၊ ရရှိပြီးသော ဒေသတည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းပြီး အတတ်ပညာဖြင့် ပေါင်းစပ်လုပ်ကိုင်ပါက ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီ ကြိုးစားအားထုတ်မှ ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးမှုသည် ဒေသခံပြည်သူများ၏ ဖွဲ့လုံ့လ ဝီရိယဖြင့် ကြိုးစားအားထုတ်မှုအပေါ် မှီတည်နေကြောင်း၊ ပညာခေတ်ဖြစ်သည်နှင့်အညီ အတတ်ပညာ၊ နည်းပညာများကို ကြိုးပမ်းသင်ယူကြရမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ဒေသခံပြည်သူများအတွက် ဆေးဝါးများနှင့် စားသောက်ဖွယ်ရာများကို တာဝန်ရှိသူများထံ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဂူဘားရိပ်သာသို့ ရောက်ရှိပြီး ရိပ်သာအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆရာဝန်နှင့် သူနာပြုဆရာမများအား ကျန်းမာရေး အသိပညာပေးရေး၊ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးလက်ဒေသများအထိ ကွင်းဆင်း၍ ပြည်သူများအား ထိရောက်သော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပူတာအိုမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ဒုတိယ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ပူတာအိုမြို့နယ်ရှိ ကောင်းမှုလုံကြိုးတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြပြီးနောက် မချမ်းဘောမြို့နယ် ကောင်းမှုလုံကျေးရွာအနီးရှိ ကောင်းမှုလုံစေတီတော်သို့ ရောက်ရှိကြသည်။

ယင်းနောက် စေတီတော်အရပ်လေးမျက်နှာရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်း၊ ဆီမီးနှင့် နံ့သာတိုင်များ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ကလက်ခံပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် စေတီတော်အနီးရှိ ကောင်းမှုလုံ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းသို့ ရောက်ရှိကြပြီး ပူတာအိုမြို့ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိလောကအမျုးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)



မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၀-၁၁-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၃။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၄။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၆။	လျှပ်တစ်ပြက်
၄း၂၀	၇။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၈။	အင်္ဂလိပ်စာသုတ
၄း၅၅	၉။	မျိုးချစ်တပ်မတော်
၅း၁၀	၁၀။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၅	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀	၁၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၄၀)**
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၅။	လျှပ်တစ်ပြက်
၆း၃၀	၁၆။	အောင်မြင်ခြင်းလမ်းမ
၇း၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၈)**
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	ဟာသရုပ်စုံ
	၂၃။	မွေးမြူသုတ
	၂၄။	တစ်လအတွင်းအကြိုက်ဆုံး ဗွီစီဒီတေးများ
	၂၅။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့်ဘဝကဗျာ (အပိုင်း-၁၀)**
	၂၇။	**Mini Series**
	၂၈။	သင့်အတွက်မနက်ဖြန်
	၂၉။	အပိတ်နှုတ်ဆက်စကား
	၃၀။	ပြီးပါပြီ။

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး ထောက်ရှာပင် ကမ်းနီးရေနံမြေ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၉

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးသည် နိုဝင်ဘာ ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ထောက်ရှာပင် ကမ်းနီးရေနံမြေသို့သွားရောက်၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ရေနံမြေအစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာနှင့် ဌာနမှူးများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက စွမ်းအင်ကဏ္ဍ တိုးမြှင့်ထုတ်လုပ်ပေးနိုင်ရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိသော ကုန်းတွင်းကမ်းလွန်စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ရေနံသိုလှောင်သည့် သံကန်တန်းအမှတ်(၂)နှင့် စက်ပြင်အလုပ်ရုံများနှင့် ဝန်ထမ်းငယ်အိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တွင်းအမှတ်(၇၉၇) တူးဖော်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၂၈ ရက်တွင် မန်းရေနံမြေသို့ ရောက်ရှိကာ ပစ္စည်းစီမံဌာန၏ စက်ပစ္စည်းများ ထိန်းသိမ်းထားရှိမှု၊ စက်မှုအလုပ်ရုံမှ စက်ပစ္စည်းပြင်ဆင်ထိန်းသိမ်းမှုနှင့် ရေနံသိုလှောင်သံကန်တန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မင်းဘူးမြို့နယ် ရွာသာကျေးရွာအနီး တွင်းအမှတ် MANN East-1 တူးဖော်ရန် ပြင်ဆင်နေမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး)သို့ သွားရောက်၍ ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် သားနှင့်အစ်ကိုဆုံးရှုံးရသူ စီအိုင်အေထံမှ လျော်ကြေးတောင်း

အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ အမေရိကန် မောင်းသူမဲ့လေယာဉ်တစ်စင်းက ဒုံးကျည်ဖြင့်ပစ်ခတ် တိုက်ခိုက်မှုကြောင့် သားနှင့်အစ်ကို ဆုံးရှုံးခဲ့ရသည်ဟုဆိုသော ပါကစ္စတန်နိုင်ငံသားတစ်ဦးသည် အမေရိကန်ဗဟို စုံစမ်းထောက်လှမ်းရေးအဖွဲ့(စီအိုင်အေ)ထံမှ နစ်နာကြေးတောင်းခံခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

လျော်ကြေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ မရခဲ့ပါက ကာရင်ခန်အမည်ရှိ ပါကစ္စတန်နိုင်ငံသားသည် စီအိုင်အေ ညွှန်ကြားရေးမှူးနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးတို့ကို ဥပဒေကြောင်းအရ တရားစွဲဆိုမည်ဖြစ်ကြောင်း ၎င်း၏ရှေ့နေက ပြောကြားသည်။ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နယ်စပ် လူမျိုးစုဒေသများ၌ မောင်းသူမဲ့လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် အရပ်သားများ သေကျေပျက်စီးနေရသည့် ပြဿနာကို အများအာရုံစိုက်လာစေရန် ယင်းကဲ့သို့ လျော်ကြေးငွေတောင်းခံခြင်းဖြစ်ဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံနယ်စပ် လူမျိုးစုဒေသများတွင် စီအိုင်အေအဖွဲ့က ယခုနှစ်အတွင်း မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုအကြိမ် ၁၀၀ ကျော် ပြုလုပ်ခဲ့ပြီး အရေအတွက်အားဖြင့် ယမန်နှစ်ကထက် နှစ်ဆပိုလာကြောင်း သိရသည်။

မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုများနှင့် ပတ်သက်၍ အမေရိကန်အစိုးရအဖွဲ့အနေဖြင့် လူသိရှင်ကြား ဝန်ခံခြင်းမရှိသော်လည်း ယင်းတိုက်ခိုက်မှုများကို အယ်လ်ခိုင်ဒါနှင့် တာလီဘန် စစ်သွေးကြွများကို ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ဆိုသည်။ **အေပီ။**

မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုများ ရပ်ဆိုင်းရေးအတွက် လှုပ်ရှားနေသူတစ်ဦး။

အာဖဂန်ရဲအရာရှိပစ်ခတ်၍ နေတိုးတပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံး

ကဘူး နိုဝင်ဘာ ၂၉

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း၌ပြုလုပ်သော လေ့ကျင့်ရေးမစ်ရှင်တစ်ခုအတွင်း အာဖဂန်နယ်စပ်ရဲတပ်ဖွဲ့ အရာရှိတစ်ဦး၏ ပစ်ခတ်မှုကြောင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) တပ်ဖွဲ့ဝင်ခြောက်ဦး တနင်္လာနေ့က သေဆုံးခဲ့ကြောင်း နေတိုးနှင့် အာဖဂန်တာဝန်ရှိသူများက ပြောကြားသည်။

နေတိုးတပ်ဖွဲ့ဝင်ခြောက်ဦးကို ပစ်ခတ်ခဲ့သော အာဖဂန်ရဲအရာရှိသည် ၎င်းကိုယ်၎င်း အဆုံးစီရင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါဖြစ်ရပ်သည် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဖော်ကိုင်ဖက် နေတိုးတပ်ဖွဲ့ဝင်များကို ပြန်လည်တိုက်ခိုက်သည့် နောက်ဆုံးဖြစ်စဉ်တစ်ရပ်ဖြစ်ပြီး စက်တင်ဘာ ၂၁ ရက်က ရဟတ်ယာဉ်ပျက်ကျမှု၌ အမေရိကန်တပ်ဖွဲ့ဝင် ကိုးဦး သေဆုံးပြီးနောက်ပိုင်း နေတိုးတပ်ဖွဲ့ဝင် အများဆုံး သေဆုံးခဲ့ရသော ဖြစ်ရပ်လည်းဖြစ်သည်။

နေတိုးတပ်ဖွဲ့ဝင်များကို ပစ်ခတ်သူသည် အာဖဂန်နယ်စပ်ရဲတပ်ဖွဲ့ဝတ်စုံကို ဝတ်ဆင်ထားကြောင်း နေတိုးတပ်ဖွဲ့၏ ကြေညာချက်၌ ဖော်ပြထားသော်လည်း လုပ်ဖော်ကိုင်ဖက် အချင်းချင်းပစ်ခတ်မှု မည်သို့မည်ပုံစတင်ခဲ့သည်နှင့် ပစ်ခတ်သူ၏ ကိုယ်ရေးအသေးစိတ်ကို ဖော်ပြထားခြင်းမရှိပေ။

သို့ရာတွင် အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက နေတိုးတပ်ဖွဲ့ဝင်များကို ပစ်ခတ်သတ်ဖြတ်ခဲ့သူသည် အာဖဂန်နယ်စပ် ရဲတပ်ဖွဲ့အရာရှိတစ်ဦးဖြစ်ကြောင်း အတည်ပြုသည်။ **အေပီ။**

ရီယိုဒီဂျနေးရိုး ကျူးကျော်ရပ်ကွက်မှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၉

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများကြီးစိုးသည့် ကျူးကျော်ရပ်ကွက်အတွင်းသို့ ရဲတပ်ဖွဲ့နှင့် စစ်ဘက်တပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးအမြောက်အမြားကို သိမ်းဆည်းရမိကြောင်း တနင်္လာနေ့တွင် ရဲတပ်ဖွဲ့က ကြေညာသည်။

တွေ့ရှိခဲ့

မူးယစ်ဆေးဝါးဂိုဏ်းသားများ ခိုအောင်းနေသော အေလီမာအို ကျူးကျော်ရပ်ကွက်ကို ရဲတပ်ဖွဲ့နှင့် စစ်ဘက်တပ်ဖွဲ့ဝင် ၂၆၀၀ကျော်က အရှက်မတက်မီ ဝင်ရောက်ရှာဖွေခဲ့ရာ ကိုကင်းနှင့် ဆေးခြောက်တန်ချိန် ၃၀ကျော်ကို တွေ့ရှိခဲ့သည်။

မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းများကို နေမဝင်မီ လက်နက်ချကြရန် သို့မဟုတ်ပါက စီးနင်းတိုက်ခိုက်မည်ဖြစ်ကြောင်း စနေနေ့တွင် ရာဇသံပေးခဲ့ပြီးဖြစ်သည်။

ဘရာဇီးနိုင်ငံ ရဲတပ်ဖွဲ့က အေလီမာအိုရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း ရှာဖွေခဲ့ရာ ဖြန့်ချိရန် အသင့်ထုပ်ပိုးထားသည့် ဆေးခြောက်ထုပ်များကို ရှာဖွေသိမ်းဆည်းနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

နိုဝင်ဘာ ၂၈ရက်က ပြုလုပ်ခဲ့သော စစ်ဆင်ရေးမှာ နာရီပိုင်းအတွင်း ပြီးစီးခဲ့ပြီး ယင်းရပ်ကွက်ကို ထိန်းချုပ်နိုင်ခဲ့ကြောင်း ရီယိုဒီဂျနေးရိုးမြို့၏ စစ်ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။ **အင်တာနက်။**

ဂျာဗားကျွန်း ဘရွှမ်မိုမီးတောင်မှ ပြာမှုန်များမှုတ်ထုတ်

ဂျကာတာ နိုဝင်ဘာ ၂၉ - အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအရှေ့ပိုင်း၌ မီးတောင်တစ်လုံးမှ ပြာမှုန်များ မှုတ်ထုတ်လျက်ရှိရာ ဒေသတွင်းရှိ မြို့ကြီးတစ်မြို့ဖြစ်သော မာလန်းမြို့၏ လေဆိပ်ကို ပိတ်ထားလိုက်ရကြောင်း တာဝန်ရှိသူများက နိုဝင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။



ပြာမှုန်များ မှုတ်ထုတ်နေသော ဘရွှမ်မိုမီးတောင်။

ဘရွှမ်မို အမည်ရှိ မီးတောင်လှုပ်ရှားလာမှုကြောင့် ယင်းမီးတောင်အနောက်ဘက် ၂၅ ကီလိုမီတာ (၁၆မိုင်)အကွာရှိ မာလန်းမြို့၏ လေဆိပ်ကို ဒီဇင်ဘာ ၄ ရက်အထိ ပိတ်ထားမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘမ်ဘန်းအာဗန်က ပြောကြားသည်။

ဘရွှမ်မိုမီးတောင်သည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်သည့် နေရာအဖြစ် ရေပန်းစားခဲ့သည်။ ယင်းမီးတောင်သည် နိုဝင်ဘာလဆန်းမှစ၍ စတင်လှုပ်ရှားလာခဲ့ရာ မီးတောင်ပေါက်ကွဲမည့် ဘေးအန္တရာယ်ရှိသည်ဟု အစိုးရက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

မီးတောင်မှ မှုတ်ထုတ်သော ပြာမှုန်များအတွင်း ဓာတုပစ္စည်းများပါဝင်နေသဖြင့် မီးတောင်အနီးမှ ဖြတ်သန်းသော လေယာဉ်များ၏ အင်ဂျင်စက်ကို ထိခိုက်စေနိုင်သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လူဦးရေ ၈၀၀၀၀၀ ခန့်နေထိုင်ရာ မာလန်းမြို့သို့ အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာမှ ပျံသန်းသော လေယာဉ်ခရီးစဉ်အရေအတွက်မှာ တစ်ရက်လျှင် ၁၀ ခုရှိသည်။

အဆိုပါ မီးတောင်သည် ဝေဟင်အတွင်း ပေ ၂၃၀၀ အထိ ပြာမှုန်များကို မှုတ်ထုတ်လျက်ရှိကြောင်း မီးတောင်ဗေဒပညာရှင်တစ်ဦးက ပြောကြားသည်။ **အင်တာနက်။**

ဝီကီလိခ်စ်၏ သံတမန်ရေးရာ လျှို့ဝှက်မှတ်တမ်းများထုတ်လွှင့်မှုကြောင့် ကမ္ဘာ့နိုင်ငံများ စိတ်မသက်မသာဖြစ်ရ

လန်ဒန် နိုဝင်ဘာ ၂၉ - ဝီကီလိခ်စ်အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းက နိုဝင်ဘာ ၂၈ ရက်တွင် လွှင့်တင်ခဲ့သော အမေရိကန်ပြည်ထောင်စု၏ သံတမန်ရေးဆိုင်ရာ လျှို့ဝှက်မှတ်တမ်းများကြောင့် ကမ္ဘာ့နိုင်ငံများ စိတ်မသက်မသာဖြစ်နေရပြီး အဆိုပါ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းကို အပြစ်ဆိုနေကြကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ဝီကီလိခ်စ်က လွှင့်တင်ခဲ့သော အမေရိကန်နိုင်ငံ၏ သံတမန်ရေးဆိုင်ရာ လျှို့ဝှက်မှတ်တမ်းများတွင် အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်သော အကြောင်းအရာများနှင့် အမေရိကန်နိုင်ငံက ပြည်ပနိုင်ငံများမှ တာဝန်ရှိသူများကို လျှို့ဝှက်ထောက်လှမ်းရန် ကြိုးပမ်းမှုများ ပါဝင်နေသည်ဟု ဆိုသည်။

ယင်းအပြင် ဆော်ဒီအာရေဗျဘုရင် အဗ္ဗဒူလာသည် အီရန်၏ နျူကလီးယားအစီအစဉ်ကို တိုက်ခိုက်ရန် အမေရိကန်နိုင်ငံကို ကြိမ်ဖန်များစွာ တောင်းဆိုခဲ့ကြောင်းလည်း ဝီကီလိခ်စ်က ထုတ်လွှင့်သောလျှို့ဝှက်မှတ်တမ်းများတွင် ဖော်ပြထားသည်။

ဝီကီလိခ်စ်က ထုတ်လွှင့်ခဲ့သော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ လျှို့ဝှက်မှတ်တမ်းများတွင် နိုင်ငံတကာသံတမန်လောက၏ ကန့်လန့်ကာနောက်ကွယ်မှ သံခင်းတမန်ခင်းအရ ခြေပုန်းခုတ်မှုများကို ထုတ်ဖော်ထားသည်ဟု ဆိုသည်။

အမေရိကန်နိုင်ငံ၏ စစ်ရေးအကူအညီကို ရယူရန်အထိ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို စိုးရိမ်ခဲ့သော အမေရိကန်မဟာမိတ် ဆော်ဒီအာရေဗျနိုင်ငံသည် ဝီကီလိခ်စ်က ထုတ်ဖော်ခဲ့သော လျှို့ဝှက်မှတ်တမ်းများကြောင့် နှုတ်ဆွံ့ခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။

ဝီကီလိခ်စ်က ထုတ်လွှင့်ခဲ့သော သံတမန်ရေးဆိုင်ရာ လျှို့ဝှက်မှတ်တမ်းများနှင့် ပတ်သက်၍ ပြင်သစ်၊ ဗြိတိန်၊ ပါကစ္စတန်နှင့် လျှို့ဝှက်မှတ်တမ်းများတွင် ပါဝင်နေသော အခြားနိုင်ငံများကလည်း ပြစ်တင်ဝေဖန်ခဲ့ကြသည်။ အစ္စရေးဝန်ကြီးချုပ်ကလည်း ဝီကီလိခ်စ်၏ ထုတ်လွှင့်မှုသည် ကမ္ဘာတစ်ဝန်း သံတမန်ရေးရာနယ်ပယ်ကို ထိခိုက်မှုရှိလာနိုင်ကြောင်း ပြောကြားသည်။ **အေပီ။**

မလေးရှားကုန်သင်္ဘော ပြန်ပေးဆွဲခံရ

ကွာလာလမ်ပူ နိုဝင်ဘာ ၂၉ - မလေးရှားအလံလွှင့်တင်ထားသော သင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက ပြန်ပေးဆွဲလိုက်ကြောင်း ဥရောပသမဂ္ဂ(အီးယူ)၏ ပင်လယ်ဓားပြတိုက်ဖျက်ရေး အထူးလုပ်ငန်းအဖွဲ့က ယနေ့ပြောကြားသည်။

ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနှင့် အီရန်နိုင်ငံတို့မှ သင်္ဘောသား ၂၃ဦး လိုက်ပါလာသည့် အမ်ဗွီအယ်ဘေဒို အမည်ရှိသင်္ဘောကို ပြန်ပေးဆွဲထားကြောင်း၊ ဆိုမာလီမြို့တော်မိုဂါဒစ်ရှူး အရှေ့ဘက်ရေမိုင် ၉၀၀ အကွာတွင် မလေးရှားသင်္ဘော ပြန်ပေးဆွဲခံရခြင်းဖြစ်ကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူ ပါကလင်ဗဲလ်က ပြောကြားသည်။

အဆိုပါသင်္ဘောသည် ကုန်သင်္ဘောများကို သယ်ဆောင်လာပြီး အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)ရှိ ဂျာဘယ်လ်အလီမြို့မှ ကင်ညာနိုင်ငံရှိ မွမ်ဘာဆာ ပင်လယ်ဆိပ်ကမ်းသို့ ဦးတည်မောင်းနှင်နေစဉ် ပြန်ပေးဆွဲခံခဲ့ရသည်။

ဆိုမာလီပင်လယ်ဓားပြများသည် အမ်ဗွီအယ်လ်ဘေဒို သင်္ဘောအပါအဝင် သင်္ဘော ၂၂ စင်းနှင့် ရေယာဉ်ဝန်ထမ်း ၅၂၁ ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးထားသည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ **အင်တာနက်။**

ဗုံးခွဲတိုက်ခိုက်မှုများကြောင့် အီရန်နျူကလီးယားသိပ္ပံပညာရှင်တစ်ဦး သေဆုံး၍ တစ်ဦးဒဏ်ရာရ

တီဟီရန် နိုဝင်ဘာ ၂၉ - အီရန်နိုင်ငံ တီဟီရန်မြို့၌ အလုပ်ခွင်သို့ သွားရောက်လျက်ရှိသော အီရန်နျူကလီးယားသိပ္ပံပညာရှင်နှစ်ဦး၏ယာဉ်များကို ဆိုင်ကယ်စီးတိုက်ခိုက်ရေးသမားများက နိုဝင်ဘာ ၂၉ ရက်တွင် အဝေးထိန်းစနစ်ဖြင့် ဗုံးခွဲတိုက်ခိုက်ခဲ့ရာ သိပ္ပံပညာရှင်တစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သော နျူကလီးယားသိပ္ပံပညာရှင်မှာ မာဂျစ်ရှားရီရာရီဆိုသူဖြစ်ပြီး ၎င်းသည် အီရန်အဏုမြူစွမ်းအင် အေဂျင်စီ၏ အဓိကစီမံကိန်းတစ်ရပ်တွင် တာဝန်ထမ်းဆောင်နေသူဖြစ်ကြောင်း ယင်းအေဂျင်စီ၏အကြီးအကဲ အလီအက္ကဘာဆာဟီလီက ပြောကြားသည်။

သီးခြားဖြစ်ပွားသော ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရခဲ့သည့် အခြားသိပ္ပံပညာရှင်တစ်ဦးမှာ အီရန်ကာကွယ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်သော လေဆာရောင်ခြည်ကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး အီရန်နိုင်ငံ၏နျူကလီးယား ဒြပ်စင်ခွဲခြားမှုဆိုင်ရာ ကျွမ်းကျင်သူအနည်းငယ်အနက် တစ်ဦးအပါအဝင်ဖြစ်ကြောင်း အီရန်သတင်းဌာနတစ်ခုက ထုတ်ပြန်သည်။

အဆိုပါတိုက်ခိုက်မှုများနောက်ကွယ်၌ အစ္စရေးနိုင်ငံရှိကြောင်း အီရန်နိုင်ငံပိုင်ရုပ်သံဌာနက အပြစ်ဖို့ခဲ့သည်။ စောစောပိုင်းနှစ်များအတွင်းက လုပ်ကြံသတ်ဖြတ်မှုများကြောင့် အီရန်နျူကလီးယားသိပ္ပံပညာရှင် အနည်းဆုံးနှစ်ဦး အသက်ဆုံးရှုံးခဲ့ရပြီး ယင်းသို့ လုပ်ကြံမှုများသည် အီရန်၏နျူကလီးယားအစီအစဉ်ကို ဖျက်လိုဖျက်ဆီးလုပ်နေသည့် အနောက်အုပ်စု၏ အစီအမံတစ်ရပ်ဖြစ်ကြောင်း အီရန်နိုင်ငံက စွပ်စွဲခဲ့သည်။ **အေပီ။**

ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သော အီရန်နျူကလီးယား သိပ္ပံပညာရှင်တစ်ဦး၏ မော်တော်ယာဉ်အား ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးနေသည်ကို နိုဝင်ဘာ ၂၉ ရက်က တွေ့ရစဉ်။



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၉

ကချင်ပြည်နယ် ပူတာအိုမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီခွဲတွင် ပူတာအိုတပ်နယ် ဗန္ဓုလခန်းမ၌ တပ်နယ်မှ အရာရှိ စစ်သည်များ၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဗိုလ်ချုပ်မြင့်စိုးတို့က တပ်နယ်အတွက် ဆေးဝါးများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြသည်။

ယင်းနောက် ပူတာအိုဒေသ ဖွံ့ဖြိုးရေးအတွက် Elite Tech ကုမ္ပဏီ၊ ITCS ကုမ္ပဏီနှင့် ရတနာပုံတယ်လီပို့တို့က ငွေကျပ်သိန်း ၃၀၀ စီနှင့် လပြည့်ဝန်းကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့မှ မြစ်ကြီးနားမြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြပြီး မြစ်ကြီးနားမြို့မှတစ်ဆင့် ရဟတ်ယာဉ်များဖြင့် ချီဖွေမြို့ရှိ ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်းရုံး အစည်းအဝေးခန်းမ၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမော်ဝင်းက စီမံကိန်းတည်နေရာ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CPI Yunnan International Power Investment Co., Ltd. နှင့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ကချင်ပြည်နယ်အတွင်း ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ CPI Yunnan International Power Investment Co., Ltd. မှ စီမံကိန်းဒါရိုက်တာ Mr. Wejie က ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားကာ တရုတ်ပညာရှင်များအား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ရေအားလျှပ်စစ်စက်ရုံ (Power House)နှင့် ရေထုတ်မြောင်း တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ရဟတ်ယာဉ်များဖြင့် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိသည်။

ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်းသည် မေခ၊ မလိခနှင့် ဧရာဝတီမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများတွင် ပါဝင်သော စီမံကိန်းတစ်ခုဖြစ်ပြီး စက်တပ်ဆင်အင်အား ၉၉ မဂ္ဂါဝပ်ဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၅၉၉ သန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၁၀ ခုနှစ် အခြေခံပညာ ကျောင်းပေါင်းစုံ လူသစ်တန်း ခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်တွင် အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲကို အလုံမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်း၌လည်းကောင်း ကျင်းပကြရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အမှုဆောင် ဆရာမကြီး ဒေါ်ခင်အုန်းမြင့်၊ ပြိုင်ပွဲဝင်အသင်းများမှ ကျောင်းအုပ်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် ခရစ်ကက်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားပြိုင်ပွဲ၌ ပူးတွဲပထမဆုရ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းအသင်းနှင့် မင်္ဂလာဒုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်းအသင်းတို့က ဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် ၁၁၅၀၀၀ တို့ကို လည်းကောင်း၊ ပူးတွဲတတိယ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအသင်းနှင့် သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းအသင်းတို့က ဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် ၁၅၀၀၀ စီတို့ကို လည်းကောင်း ရရှိသွားကြသည်။

အမျိုးသမီးပြိုင်ပွဲတွင် ပထမ တာမွေမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအသင်းက ဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် ၇၅၀၀၀ တို့ကိုလည်းကောင်း၊ ဒုတိယ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းအသင်းက ဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် ၄၀၀၀၀ တို့ကို လည်းကောင်း၊ တတိယ မင်္ဂလာဒုံမြို့နယ် အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်းအသင်းက ဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် ၃၀၀၀၀တို့ကို လည်းကောင်း ရရှိသွားကြသည်။

ယင်းပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုများကို ပေးအပ်ချီးမြှင့်ရာ အမျိုးသားပြိုင်ပွဲ၌ Best Batsman ဆုနှင့် Best All -Rounder ဆုနှစ်ဆုတို့ကို အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းအသင်းမှ အောင်မင်းဟိန်းကလည်းကောင်း၊ Best Bowler ဆုကို အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအသင်းမှ အောင်သူရက လည်းကောင်း ရရှိသွားကြပြီး တစ်ဦးလျှင် ဆုကြေးငွေကျပ် ၅၀၀၀ စီ ရရှိသွားကြသည်။

အမျိုးသမီးပြိုင်ပွဲတွင် Best Batsman ဆုကို မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအသင်းမှ သန်းသန်းအောင်က လည်းကောင်း၊ Best Bowler ဆုကို အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအသင်းမှ ထက်ထက်နိုင်က လည်းကောင်း၊ Best All -Rounderဆုကို တာမွေမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအသင်းမှ နှင်းအေးဝင်းကလည်းကောင်း ရရှိသွားကြပြီး တစ်ဦးလျှင် ဆုငွေကျပ် ၅၀၀၀ စီကို ရရှိသွားကြသည်။

ထို့နောက် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းက အမျိုးသားပြိုင်ပွဲတွင် ပူးတွဲပထမရရှိကြသော အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း အသင်းနှင့် မင်္ဂလာဒုံမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အသင်းတို့အား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်း ၂၀၁၀ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲတွင် ဆုရအသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အထက(၁) လမ်းမတော်(စိန့်ဂျွန်း) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

အထက(၁)လမ်းမတော် (စိန့်ဂျွန်း) ၁၉၆၈-၁၉၈၄ ပညာသင်နှစ် ကျောင်းသားဟောင်းများ ကြီးမှူးကျင်းပသည့် ပဥ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ရက်(စနေနေ့) နံနက် ၉နာရီတွင် ယင်းကျောင်း ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကိုမျိုးသိမ်း ဖုန်း-၀၉-၅၀၀၂၂၅၄၊ ကိုဝင်းကို ဖုန်း-၀၉-၅၁၄ ၀၅၄၁၊ ကိုခင်စိန် ဖုန်း-၀၉-၅၁၇၄၉၈၀၊ ဒေါက်တာဟံဝင်း ဖုန်း-၀၉-၅၀၁၃၁၈၉၊ ကိုကြည်လွင် ဖုန်း-၀၉-၅၁၁၀၆၈၁၊ ကိုအောင်တင့် ဖုန်း-၀၉-၅၀၁၂၃၀၄၊ ကိုဝင်းကြည် ဖုန်း-၀၉-၅၁၇၀၉၁၉၊ ကိုဇော်ဝင်းဦး ဖုန်း-၀၉-၅၁၁၅၈၃၈၊ ကိုမင်းသွင်ညွန့် ဖုန်း-၀၉-၅၀၀ ၆၉၉၀၊ ကိုညဏ်ထွန်း ဖုန်း-၀၉-၅၀၁၃၈၃၇၊ ဒေါက်တာမြင့်စိုး ဖုန်း-၀၉-၉၉၂၅၁၀၅၊ ကိုမင်းသိမ်း ဖုန်း-၀၉-၅၀၄၄၆၆၁၊ ကိုသိန်းဌေး ဖုန်း-၀၉-၅၀၉ ၇၄၄၂၊ ဒေါက်တာထွန်းမြတ် ဖုန်း-၀၉-၅၁၆၁၈၅၅နှင့် ကိုညီညီလွင် ဖုန်း-၀၉-၅၁၁၈၆၄၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

(၆၃) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၂၉

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၆၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ (၁၃၇၂ ခုနှစ် နတ်တော်လဆန်း ၆ ရက်) ဒီဇင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲကို ဒီဇင်ဘာ ၁၂ ရက်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃ ရက်ထိလည်းကောင်း၊ သဘောရေးဖြေပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်အထိလည်းကောင်း သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အာဂုံပြန်ဆိုပွဲသို့ သာသနာ့အာဇာနည်အရှင်မြတ် အပါး ၁၉၀ ဝင်ရောက်ပြန်ဆိုတော်မူကြမည်ဖြစ်ပြီး သဘောရေးဖြေပွဲသို့ ၁၅၆ ပါး ဝင်ရောက်ဖြေဆိုတော်မူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၁-၂၀၁၀ (အင်္ဂါနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဗုဒ္ဓဘာသာ(၃)မျိုး" တရားတော်
(ပွင့်ဖြူဆရာတော်ဘဒ္ဒန္တ
ကုသာရိက)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"လောကဝက်ပါ"
(အပိုင်း-၉၀)
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"အရိပ်စစ်"
(အပိုင်း-၅၇)
၈း၄၀ Activities in The City
(Nexus Language Learning
Center ၏Certificate
Awarding Ceremony)
၈း၅၅ ပြီးပြည့်စုံခြင်းများနှင့် Reto
Coffee Machine
၉း၁၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ
"အားလုံးသာသာယာယာပဲ"
ရိုက်ကွင်းအမှတ်တရ
၉း၃၅ Cartoon Show Time
(Happy Feet)
၁၀း၁၀ အားကိုးအားထား
(ဖိုးသောကြာ၊ ဦးမိုးဒီ၊ ဦးခိုင်တင်၊
ဒေါ်တင်တင်လှ)
(ဒါရိုက်တာ-ကောင်းမြတ်)
၁၀း၂၀ Jewels of Royal Hantha
ပန်းချီပြပွဲ
၁၀း၃၅ Celebrity Style
(သဥ္ဇာနွယ်ဝင်း)
၁၀း၅၅ International Show Biz
၁၁း၁၀ သာယာစိုပြည် ကြံခင်းမြေ
၁၁း၂၅ မြန်မာ့လက်ရာ
(မြန်မာ့အနုပညာလက်မှုပစ္စည်း
အရောင်းပြခန်း)
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀ သင်ကြားရေးလမ်းညွှန်
(Gallant Training Centre)
၁၂း၃၀ ကိုယ်ပိုင်ဟန်ဖက်ရှင်
(မေတ္တာနက်ရှိုင်းပုလဲလှိုင်း)
၁၂း၅၀ ပါရမီရှင်ကကုသိုလ်ယူ
ပရိယတ္တိအလှူ
၁း၀၀ "ဗုဒ္ဓဘာသာ(၃)မျိုး" တရားတော်
(ပွင့်ဖြူဆရာတော်ဘဒ္ဒန္တ
ကုသာရိက)
၂း၀၀ MRTV-4 သတင်း
၂း၂၀ Wedding Season (Part-6)
၂း၅၅ Activities in The City
-ခေတ်ဦးစတီရီယိုအနုပညာ
ရှင်များ၏နှစ်(၄၀)ပြည့် အထိမ်း
အမှတ်ဂီတပွဲ(မန္တလေး)
၃း၁၀ ရန်ကုန်မြင်ကွင်းကျယ်
(Sweety Home)
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"လောကဝက်ပါ"
(အပိုင်း-၉၀)
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"အရိပ်စစ်"
(အပိုင်း-၅၇)
၄း၄၅ Activities in The City
-မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏
စုပေါင်းမဟာဘုံကထိန်ကပ်လှူ
ပူဇော်ပွဲ
၅း၀၀ The Champion of Dance
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ 2 D
(ရဲတိုက်၊ နေဇင်အောင်အောင်၊
ကေကေမိုးမြင့်၊ ဇင်ချိုခိုင်ဦး၊ ဝတီ)
(ဒါရိုက်တာ-Nova)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"လောကဝက်ပါ"
(အပိုင်း-၉၁)
၇း၁၅ Celebrity Choice
(ဟဲလေး)
၇း၄၀ အနုပညာမိုးကောင်းကင်
၈း၀၀ MRTV-4 သတင်း
၈း၃၀ သူတို့ဘဝ သူတို့ဟာသ
(သပြေဂျာအေး)
၉း၀၀ သီချင်းကောင်းကောင်း
သီချင်းတောင်း
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ**
"အရိပ်စစ်"
(အပိုင်း-၅၈)
၁၀း၁၀ စာအုပ်ပြခန်း
(အလင်္ကာဝတ်ရည်မဂ္ဂဇင်း
အယ်ဒီတာချုပ်ဒေါ်တူးတူးမြင့်သိန်း
နှင့်တွေ့ဆုံမေးမြန်းခြင်း)
၁၀း၂၅ ဘတောဝါနေဘာရိသတိ
(ဖိုးကျော်၊ နေဆန်း၊ ထူးခန့်ကျော်၊
ထွန်းထွန်းဝင်း၊ စိုးမိုးကြည်၊
ဝင်းမင်းသန်း)
(ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၁း၂၅ MRTV-4 ကျန်းမာရေးကဏ္ဍ
(အရေပြားနှင့်ပတ်သက်သော
ရောဂါများအကြောင်း)
၁၁း၅၅ ဖြစ်ထွန်းအောင်မြင်. . .
စိုက်ပျိုးဥယျာဉ် (မင်းကွတ်)
၁၂း၂၀ Celebrity Profile
(Justin Timberlake)
၁၂း၅၅ ပိတုန်းရောင်ကေသာဦးအတွက်. . .
၁း၀၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
(ဒီဇိုင်နာယွန်းလတ်ဖြူနှင့်
တွေ့ဆုံခြင်း)
၁း၂၅ သတ္တုတူးသောရွာကလေး
၁း၄၀ အလှဆင်စရာပရိဘောဂကမ္ဘာ
(ပစ်တိုင်းထောင်ပရိဘောဂ)
၁း၅၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ
(Unique Collection)
၂း၀၅ Shooting Location
(သီရိဂုဏ်)
၂း၂၀ World of Knowledge
(Ancient Megastructures;
Pyramid)
၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့်
ကျေးလက်ကကွက်လွန်စွဲမက်
၄း၁၅ လင်းလက်တောက်ပ
မီးဆိုင်းအလှ
၄း၃၅ မြန်မာ့လက်မှုအနုပညာ
(ထန်းပန်းချီ၊ ကျောက်စီပန်းချီ)
၄း၄၅ အလိုတော်ပြည့်ပါစေ
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမျိုးသားနေ့နှင့် အမျိုးသားရေးလက္ခဏာများ

မြင့်မောင် (PhilQ)

တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်နေ့

အမိမြန်မာနိုင်ငံတော်ကြီး၏ နေ့ထူးနေ့မြတ်များတွင် တစ်ရက်အပါအဝင်ဖြစ်သည့် **အမျိုးသားနေ့** (National Day) ကို အနှစ်သာရရှိရှိဖြင့် နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခု ၂၀၁၀ ခုနှစ်ဆိုလျှင် နှစ်ပေါင်း(၉၀)တိုင်ခဲ့ပြီဖြစ်သည်။ တိုင်းရင်းသားလူမျိုးစုံ စုစည်းထားသည့် မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံတော်သည် နှစ်ထောင်ပေါင်းများစွာကပင် လက်ရှိမှီတင်းနေထိုင်ရာမြေပေါ်၌ တစ်သမတ်တည်း ဖြစ်ထွန်းပေါက်ဖွားလာပြီးနောက် မြန်မာလူမျိုးဟူသည် အမှီအခိုကင်းစွာ၊ အေးချမ်းပျော်ရွှင်စွာ၊ စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြသူ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသည့် လူမျိုးဖြစ်သည်။ မြန်မာလူမျိုးအကြောင်းကောင်းစွာ သိမြင်သူ တိုင်းတစ်ပါးသားများကပင် အထင်ကြီးလေးစားရသည့် လူမျိုးတစ်မျိုးဖြစ်သည်။ မြန်မာလူမျိုးနှင့် မြန်မာ့လူနေမှုစနစ်သည် စိတ်ဓာတ်ကြံ့ခိုင်တောင့်တင်းသော အခြေခံအုတ်မြစ်ပေါ်တွင် တည်ဆောက်ထားပြီး လောဘရမ္မက်ကြီးသူများ မဟုတ်ကြ။ အနေအထိုင် ရိုးသားတည်ကြည်ပြီး ပျော်ပျော်နေတတ်သူများ၊ ကမ္ဘာပေါ်တွင် စိတ်အချမ်းသာဆုံး၊ ရောင့်ရဲမှုအရှိဆုံးသူများ ဖြစ်ကြသည်။ သက်ဝင်ယုံကြည်ရာ ဘာသာအဆုံးအမကြောင့် စာရိတ္တကြံ့ခိုင်ငြိမ်းချမ်းကြသူများဖြစ်သည်ဟု တိုင်းတစ်ပါးသားတို့က ရှုမြင်ကြကြောင်း မြန်မာပညာရှိများက ဖော်ထုတ်ရေးသားသည်တို့ကို ဖတ်ရသည့်အခါ ကြက်သီးမွေးညင်းထသည်အထိ "အဲဒါမြန်မာ"ဟု ဂုဏ်ယူခဲ့ရသည်။

မြန်မာဆိုသည်မှာ

ဆိုရလျှင် ထိုမျှအမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေးလက္ခဏာများ ကြွယ်ဝလှသည့် မြန်မာတို့သည် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးရသည့် အဖြစ်ဆိုးကို ရင်ဆိုင်ကြုံတွေ့ရသည့်အခါတွင်လည်း ခေါင်းငုံ့ခံခြင်းမရှိ၊ ဒူးထောက်အညံ့ခံခြင်းမရှိ၊ အချုပ်အခြာအာဏာဆုံးရှုံးနေသည့် ကာလတစ်လျှောက်လုံး အမျိုးသားဇာတိမာန်အပြည့်ဖြင့် ခုခံတွန်းလှန်လျက် ဆုံးရှုံးခဲ့ရသော အချုပ်အခြာအာဏာကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရရှိအောင် အားထုတ်ကြိုးပမ်းခဲ့သည့် လူမျိုးဖြစ်သည်။ နောက်ကာလများတွင်လည်း မိမိတို့၏ အချုပ်အခြာအာဏာကို အထိပါးမခံ၊ ထာဝစဉ်ကာကွယ်စောင့်ရှောက်သွားမည့် လူမျိုးဖြစ်သည်။

မြန်မာတို့သည် အမျိုး၊ ဘာသာ၊ သာသနာကို ချစ်ကြည်လေးမြတ်သည်၊ ထိန်းသိမ်းစောင့်ရှောက်သည်၊ နှစ်ပေါင်းထောင်ချီကာဖြစ်တည်ခဲ့သည့် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်လိုသူများဖြစ်သည်။ ထိုအမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးလက္ခဏာတို့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ မွန်မြတ်လှသည့် အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးလက္ခဏာတို့ အမြဲတမ်းရှင်သန်ခိုင်မာနေစေရေးအတွက်လည်းကောင်း၊ ခေတ်အလိုက် အမျိုးသားရေးတာဝန်များ ကျေပွန်ခဲ့ကြသည့် မြန်မာ့သားကောင်းများနှင့် တိုင်းရင်းသားလူမျိုးတို့၏ ကျေးဇူးတရားကို အမှတ်ရစိမ့်ငှာလည်းကောင်း အမျိုးသားနေ့ကို ၁၉၂၂ ခုနှစ်တွင် စတင်သတ်မှတ်ကာ နှစ်စဉ်ဂုဏ်ပြုကျင်းပခဲ့ကြသည်။

မြန်မာ့ နေ့ထူးနေ့မြတ်များနှင့် အမျိုးသားရေးဂုဏ်ရည်များ

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် ကျင့်သုံးသည့် ယဉ်ကျေးမှု ထုံးဓလေ့များနှင့် သမိုင်းပေးအတွေ့အကြုံများအရ အမျိုးသားရေးဆိုင်ရာ အထိမ်းအမှတ် နေ့ထူးနေ့မြတ်များရှိကြသည်။ ရှည်လျားသည့်သမိုင်းကြောင်း၊ မြင့်မားခိုင်မာသည့် ယဉ်ကျေးမှုတို့ဖြစ်တည်နေသည့် ကျွန်ုပ်တို့မြန်မာနိုင်ငံတော်ကြီးအတွက်မူ ယဉ်ကျေးမှုလက္ခဏာ၊ အမျိုးသားရေးလက္ခဏာများကို ကိုယ်စားပြုဖော်ဆောင်နေသည့် နေ့ထူးနေ့မြတ်များ တည်ရှိပြီးဖြစ်သည်။ မြန်မာတို့၏ နေ့ထူးနေ့မြတ်များကို လေ့လာရုံမျှဖြင့် မြန်မာ့အမျိုးသားရေးလက္ခဏာတို့ကို သိမြင်သဘောပေါက်နိုင်သည်။

မြန်မာတို့၏ အချို့သော နေ့ထူးနေ့မြတ်များသည် လူမျိုး၏ သက်ဝင်ယုံကြည်မှု ယဉ်ကျေးမှု အဆင့်အတန်းတို့ကို ပြဆိုနေသည်။ အချို့သော နေ့ထူးနေ့မြတ်များက မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးလက္ခဏာတို့ကို ပြနေသည်။ မြန်မာဟူသည် မြင့်မြတ်စင်ကြယ်သော အဆုံးအမ (သာသနာတော်)တွင် သက်ဝင်ယုံကြည်သူများဖြစ်သည်။ ဂါရဝတရားနှင့် ပြည့်စုံသူများဖြစ်သလို၊ စိတ်သဘောထားကြီးမြင့်လျက် အခြားသောလူမျိုးဘာသာတို့နှင့် ချစ်ကြည်စွာ ဆက်ဆံနိုင်စွမ်းရှိသူများ၊ ကျေးဇူးတရားသိနားလည်သူများဖြစ်သည်ကို သိမြင်နိုင်ပါသည်။ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုမှ ပေါ်ထွက်လာသော နေ့ထူးနေ့မြတ်များကို လေ့လာခြင်းအားဖြင့်မူ-

- ❖ မြန်မာဟူသည် အမှီအခိုကင်းသည့် လွတ်လပ်မှုမျိုးကို မြတ်နိုးတန်ဖိုးထားသူများ၊
- ❖ မြန်မာဟူသည် စည်းလုံးညီညွတ်မှုအင်အားကို ကောင်းစွာ သိမြင်နားလည်သူများ၊
- ❖ မြန်မာဟူသည် လက်ရုံးရည် နှလုံးရည်ပြည့်ဝလျက် တည်ကြည်ရဲရင့်သူများ၊
- ❖ မြန်မာဟူသည် အများအကျိုးအတွက် စွန့်လွှတ်စွန့်စားရဲသည့် အာဇာနည်စိတ်ဓာတ်ရှိသူများ၊
- ❖ မြန်မာဟူသည် အမျိုးကိုချစ်မြတ်နိုးလျက် မိမိအမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်ကာကွယ်သည့် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားသူများ

ဖြစ်ကြောင်းကို မြန်မာ့အထိမ်းအမှတ်နေ့များက သက်သေပြနေသည်။ မြန်မာတစ်ယောက်ဖြစ်ရခြင်း အတွက် ဂုဏ်ယူဖွယ်ရာ အမျိုးသားရေးလက္ခဏာများပင် မဟုတ်ပါလော။ ထိုအမျိုးသားရေးလက္ခဏာများကြောင့်ပင် မဟာယဉ်ကျေးမှုကြီးနှစ်ခုကြားတွင် မြန်မာလူမျိုးနှင့် မြန်မာယဉ်ကျေးမှုသည် မိမိတို့၏ ပင်ကိုစရိုက်လက္ခဏာများဖြင့် ရှင်သန်ရပ်တည်လာနိုင်သည်။ ထိုစရိုက်လက္ခဏာတို့ ထာဝစဉ်တည်တံ့နေရေးအတွက် မျိုးဆက်သစ်လူငယ်တို့၏ ပခုံးပေါ်တွင် ကျရောက်နေပေသည်။ အတွေ့အကြုံရင့်ကျက်သူ လူကြီးသူမများက လမ်းပြကူညီပေးကြရပေမည်။

ဦးတည်ချက်များ(သို့) မှန်ကန်သည့် အကြောင်းတရားများ

မြန်မာ့သမိုင်းစဉ်အတွက် ၂၀၁၀ ခုနှစ်သည် ထူးခြားလေးနက်သော၊ ကောင်းမြတ်ခြင်းတရားတို့နှင့် ပြည့်စုံသော နှစ်တစ်နှစ်ဖြစ်သည်ဟု ဆိုနိုင်သည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူတို့ မျှော်လင့်တောင့်တနေသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ပြုလုပ်ရန် ရက်သတ်မှတ်ခဲ့ပြီးနောက်တွင် လွတ်လပ်၍ တရားမျှတသော ဒီမိုကရေစီအင်္ဂါရပ်များနှင့် ပြည့်စုံသည့် ရွေးကောက်ပွဲကြီးကို ဂုဏ်သိက္ခာရှိရှိဖြင့် ကျင်းပခဲ့ကြပြီး မူဝါဒလမ်းစဉ်(၇)ရပ်၏ ပဥ္စမအဆင့်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ကြသည်။ ပြည်တွင်း၊ ပြည်ပမှ အပြုသဘောထားကင်းမဲ့သူများ၏ နှောင့်ယှက်မှုအမျိုးမျိုးကြားမှ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားသူတို့၏ အောင်ပွဲကြီးဟု ဆိုရမည်ဖြစ်သည်။

သို့သော် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်ရာတွင် လွယ်ကူချောမွေ့သည်တော့ မဟုတ်ပေ။ ပြည်တွင်း၊ ပြည်ပ အနှောင့်အယှက် အဖျက်အဆီးဆိုသော အခက်အခဲများကြားမှ မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် စိတ်ရှည်သည်းခံမြဲမြံသော သန္နိဋ္ဌာန်တို့ဖြင့် အစိုးရနှင့် ပြည်သူပူးပေါင်းကြိုးစားခဲ့ရသည်။ ယခုဆိုလျှင် ပဥ္စမအဆင့်အထိ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့ကြပြီဖြစ်သည်။ မူဝါဒလမ်းစဉ်များ မှန်ကန်ခြင်းဆိုသည့် အကြောင်းတရားက အောင်မြင်ပြီးမြောက်ခြင်းဆိုသည့် အကျိုးတရားကို ဖော်ထုတ်ပေးလိုက်ခြင်းပင်ဖြစ်သည်။ နိုင်ငံရေးဦးတည်ချက်များနှင့်အညီ အသီးအပွင့်များ သီးပွင့်ဝေဆာလာကြပြီဖြစ်သည်။ ကျွမ်းကျင်သော၊ စေတနာကောင်းသော၊ လုံ့လဥဿာဟနှင့် ပြည့်စုံသောဥယျာဉ်မှူး၏ မှန်ကန်စနစ်ကျသည့် ပျိုးထောင်ပြုစုမှုအောက်တွင် သီးပင်ပန်းမန်တို့ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ကြသည်မှာ နိယာမတစ်ရပ်ပင် မဟုတ်ပါလော။ ရရှိလာသည့် အသီးအပွင့်တို့ကို မည်သူမဆို ဆွတ်ယူစားသုံးနိုင်ကြပါသည်။

ဤသို့သော အမျိုးသားအောင်ပွဲကြီး ရရှိခဲ့ပြီးနောက် ကျန်ရှိသည့် မူဝါဒလမ်းစဉ်များ အကောင်အထည်ဖော်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် ပြည်သူတို့၏ အမျိုးသားရေးအားမာန်ကို အားသစ်လောင်းပေးမည့်အလား အမျိုးသားနေ့ ဆိုသည့် နေ့မြတ်သည် မကြာမြင့်သောအချိန်တွင် ရောက်ရှိကျင်းပရတော့မည်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး ဦးတည်ချက်များသာမက လူမှုရေးဦးတည်ချက်များကို တစ်ဆက်တည်းအကောင်အထည်ဖော်နိုင်မည့် အခွင့်အရေးကောင်းဟု ယုံကြည်မိသည်။

အခြေခံအုတ်မြစ်- အမျိုးသားရေးလက္ခဏာများ

ကမ္ဘာကြီးသည် ရွာတစ်ရွာအလား ကူးလူးဆက်ဆံမှုများ နီးကပ်လာ၊ လွယ်ကူလာသည့် ယနေ့လိုကာလမျိုးတွင် မိမိတို့ကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံငယ်မှ လူ့အဖွဲ့အစည်းမျိုးအနေဖြင့် ကမ္ဘာ့အသိုင်းအဝိုင်းတွင် ဂုဏ်သိက္ခာရှိရှိ တင့်တယ်စွာ ရပ်တည်နိုင်ရေးအတွက်ဆိုလျှင် အထက်တွင်ဖော်ပြခဲ့သည့် National Characteristics များကို အားကောင်းခိုင်မာနေအောင် လုပ်ဆောင်ထားရန် လိုအပ်ပါသည်။ အမျိုးသားရေးလက္ခဏာများ အားကောင်းနေစေရေးမှာ မိမိတို့တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားနေရန်လိုသည်။ အမျိုးဂုဏ် ဇာတိဂုဏ်ကို အမြဲမြင့်တင်လျက် နှစ်ပေါင်းထောင်ချီတည်တံ့လာသည့် ယဉ်ကျေးမှုနှင့် အမျိုးသားရေးလက္ခဏာများ ဆက်လက်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နေရန်လိုသည်။ မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်တို့ ရှင်သန်ထက်မြက်နေရန်လိုသည်။ အခြားသော လူ့အဖွဲ့အစည်းတို့နှင့် ယှဉ်ပြိုင်ရင်ဆိုင်ရာတွင် မြန်မာတို့၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ဖန်တီးနိုင်စွမ်းရှိရေးအတွက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ကာ ပညာရည်မြင့်မားနေရန်လိုသည်။ ထိုလိုအပ်ချက်တို့ ဖြည့်ဆည်းရန် အားထုတ်လုပ်ဆောင်ကြရဦးမည်ဖြစ်သည်။ နေ့ထူးနေ့မြတ်များက သက်သေပြနေသည့် အမျိုးသားရေးလက္ခဏာများ ပေါ်လွင်ထင်ရှားအောင် စီမံလုပ်ဆောင်ကြရဦးမည်ဖြစ်သည်။

သို့ဖြစ်၍ မူဝါဒလမ်းစဉ် (၇)ရပ်၏ ပဥ္စမအဆင့်ကို အောင်မြင်စွာ အကောင်အထည်ဖော်ပြီး မကြာမြင့်မီအချိန်တွင်ပင် ကျရောက်လာသည့် အမျိုးသားနေ့သည် မိမိတို့၏ အမျိုးသားရေးလက္ခဏာများကို အခြေခံလျက် တည်ငြိမ်အေးချမ်းသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်သွားကြမည်ဆိုသည့် အမျိုးသားသန္နိဋ္ဌာန် အခိုင်အမာချမှတ်ရာ နေ့ထူးနေ့မြတ်တစ်နေ့အဖြစ် မှတ်ယူကာ ယခုနှစ် အမျိုးသားနေ့ ဦးတည်ချက်များနှင့်အညီ ပြည်သူတစ်ရပ်လုံးက ကျင်းပသွားမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

(၉၀) ပြည့်နှစ်မြောက် အမျိုးသားနေ့

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်

(၁-၁၂-၂၀၁၀)

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊
- ☆ အမျိုးသားပညာရည် မြင့်မားရေး၊
- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၁၁-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။ အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅	၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။ နံနက်ခင်းသတင်း
၇း၄၀	၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
၈း၀၀	၇။ နှောင်းခေတ်တေးပဒေသာ
၈း၁၀	၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၂၀	၉။ အဆိုပြိုင်ပွဲ
၈း၃၀	၁၀။ "အလျော်အစား"
၈း၄၀	၁၁။ International News
၈း၄၅	၁၂။ တေးဂီတအစီအစဉ်
၉း၀၀	၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ အကပြိုင်ပွဲ
၄း၂၅	၃။ တေးဂီတအစီအစဉ်
၄း၄၀	၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄း၅၅	၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀	၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၂၀	၇။ "လောကရဲ့ အလှရတနာ"
၅း၄၅	၈။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀	၉။ ညနေခင်းသတင်း
၆း၁၅	၁၀။ မိုးလေဝသအခြေအနေ
၆း၂၀	၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀	၁၂။ ဆိုလိုက်ကြစို့
၇း၀၀	၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၁၂)**
၈း၀၀	၁၄။ ပြည်တွင်းသတင်း
	၁၅။ နိုင်ငံတကာသတင်းများ
	၁၆။ မိုးလေဝသအခြေအနေ
	၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
	၁၈။ ရယ်စရာဟာသများ
	၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၁၁)**
	၂၀။ "ရုပ်ရှင်ပဟေဠိ"
	၂၁။ အစီအစဉ်ပြီး၏။

အမျိုးသားနေ့ ဘယ်မမေ့နိုင်

❍ အမျိုးသားနေ့၊ မမေ့အပ်စွာ
ဇာတိတန်ဆောင်၊ အောင်လံထူလွှင့်
မျိုးဂုဏ်မြှင့်တင်၊ ကျွန်ပညာကို
အလိုမရှိ၊ ဒို့၏ကြမ္မာ
ဒို့ဘာသာလျှင်၊ ဖန်တီးချင်စိတ်
မဖိနှိပ်နှင့်၊ လွတ်လပ်ခွင့်လမ်း
ကြိုးပမ်းစွမ်းဆောင်၊ ရှေ့ပြေးရောင်ခြည်
တန်ဆောင်မုန်း၏၊ လပြည့်ပြီးသော်
ဆယ်ရက်ကျော်ကား၊ အမျိုးသားနေ့
ဘယ်မမေ့နိုင်၊ မဏ္ဍိုင်သက်သေ
သမိုင်းမွေတည့်၊ ဂုဏ်ကြီးဘိသည်
ကြားသိစေသား၊ သောင်းတိုက်တစ်လွှား။ ။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ သုံးသပ်အစည်းအဝေးကျင်းပ

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၂၀၁၀ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီ သုံးသပ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၉

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ သုံးသပ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သုံးသပ်အစည်းအဝေးသို့ ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ ပြပွဲကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူးနှင့် ပြပွဲဗဟိုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုကော်မတီနာယက ဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ပြပွဲကာလအတွင်း စီမံဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြပွဲဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညဏ်ထွန်းအောင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အထွေထွေ သုံးသပ်ဆွေးနွေးကြသည်။

ယင်းနောက် ဝန်ကြီး ဦးအုန်းမြင့်က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပပြီးစီး ပြပွဲကာလအတွင်း တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ကျောက်စိမ်းအတွဲပေါင်း စုစုပေါင်း ၇၇၈၄ တွဲ ရောင်းချရ

နေပြည်တော် နိုဝင်ဘာ ၂၉

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ နောက်ဆုံးနေ့အဖြစ် ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ရတနာပြပွဲတွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြပြီး ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ဂုဏ်ပြုဆုပေးအပ်

ပြပွဲတွင် ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်က ကျောက်စိမ်းအတွဲ အများဆုံး ဝယ်ယူသူဆုရရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ M/S Dragon Shield (Hong Kong) Co., Ltd. မှ Mr. Zheng Gengjian အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုကို ပေးအပ်သည်။

ပထမဆုံး

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ယနေ့အထိ ကျောက်စိမ်းအတွဲ စုစုပေါင်း ၇၇၈၄ တွဲ ရောင်းချရကြောင်း သိရှိရသည်။ ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၌ ပထမဆုံးအကြိမ်အဖြစ် နိုဝင်ဘာ ၁၇ ရက်မှ စတင်၍ ကျင်းပခဲ့ရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် စုစုပေါင်း ၆၇၅၀ တို့ လာရောက်၍ မြန်မာ့ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာစိစစ်၍ အပြိုင်အဆိုင် ဝယ်ယူကြသည်။

စနစ်တကျ

ပြပွဲကာလတစ်လျှောက် ပြပွဲဗဟိုကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ရတနာပြပွဲဆိုင်ရာ လုပ်ငန်းများကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်ပေးကြပြီး ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

ဂုဏ်ပြုဆု ပေးအပ်

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် ကျောက်စိမ်းအတွဲ အများဆုံးဝယ်ယူသူဆု ရရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ M/S Dragon Shield (Hong Kong)Co., Ltd. မှ Mr.Zheng Gengjian အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆု ပေးအပ်စဉ်။ (သတင်းစဉ်)

ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူ

ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြစဉ်။ (သတင်းစဉ်)

ဒလမြို့ အထက(၁) အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

ဒလမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ (၁၉၆၅မှ ၁၉၇၅)ခုနှစ် ပညာသင်နှစ်၊ (၁၉၈၅မှ၁၉၉၅) ခုနှစ် ပညာသင်နှစ်များတွင် သင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ယုဇနခန်းမ၌ ကျင်းပ မည်ဖြစ်ရာ ပူဇော်ပွဲသို့ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးသန်းဆွေ ဖုန်း-၀၉-၅၀၃၉၃၄၄၊ ဦးစိုးလှ ဖုန်း-၀၉-၅၁၈၈၇၅၄၊ ဒေါ်မြင့်မြင့်အေး ဖုန်း-၀၉-၅၁၄၃၇၂၇၊ ဒေါ်သန်းသန်းစိုး ဖုန်း-၀၉-၈၆၄၀၄၁၉၊ ဦးဝင်းသိန်း ဖုန်း-၀၉-၅၁၂၈၃၉၄၊ ကိုမင်းသုနိုင် ဖုန်း-၀၉-၅၁၄၂၈၈၆၊ ကိုမြင့်ရွှေ ဖုန်း-၀၉-၅၁၉၆၅၉၉၊ ကိုမိုးကျော်သူ ဖုန်း-၀၉-၅၁၃၁၇၂၉နှင့် ကိုဇော်ဇော်ထွန်း ဖုန်း-၀၉-၅၁၂၄၁၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

တူဒေးစာအုပ်တိုက်နှင့် ပြည့်စုံစာအုပ်တိုက် စာအုပ်အရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

ဒီဇင်ဘာ ၃ရက်မှ ၅ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းပေါ်ရှိ ဂမုန်းပွင့်ကုန်တိုက် Promotion Area ၌ တူဒေးစာအုပ်တိုက်နှင့် ပြည့်စုံစာအုပ်တိုက်တို့ ပူးပေါင်းပြီး စာအုပ်အရောင်းပွဲတော် ကျင်းပမည်ဖြစ်သည်။

အဆိုပါအရောင်းပွဲတော်တွင် တူဒေးစာအုပ်တိုက်နှင့် ပြည့်စုံစာအုပ်တိုက်ထုတ် စာအုပ်များကို ၂၀ ရာခိုင်နှုန်းမှ ၄၀ရာခိုင်နှုန်းထိ အထူးဈေးနှုန်းဖြင့် သုံးရက်တိတိ ရောင်းချသွားမည်ဖြစ်ပြီး ထူးခြားချက်မှာ အခြားတိုက်ထုတ် စာအုပ်များ မပါဝင်ဘဲ အဆိုပါစာအုပ်တိုက်နှစ်တိုက်မှ စာအုပ်များသာ ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြို့သန့်ရှင်းလှပရေး ဆောင်ရွက်

ရှင်ဘွေယန် နိုဝင်ဘာ ၂၉

ကချင်ပြည်နယ် ရှင်ဘွေယန်မြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့ဝင်ဆိုင်းဘုတ်ရှေ့ မြေရာရှုခင်းနှင့် လမ်းဘေး ဝဲ၊ ယာ ချုံနွယ်များ ရှင်းလင်းဆောင်ရွက်မှုကို အောက်တိုဘာ ၂၇ ရက်က မြို့နယ်တာဝန်ခံ ဦးသန့်ဇင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနေလင်းတို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကောင်းမှုလုံကြိုးတံတားဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❖ **ရွှေဖုံးမှ**

ရှေးဦးစွာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်က အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ကောင်းမှုလုံကြိုးတံတားကို ၂၀၀၄ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယနေ့တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ဤသို့ ဖွင့်လှစ်နိုင်သည့်အတွက် နိုင်ငံတော်နှင့် ကချင်ပြည်နယ်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နေ့တစ်နေ့ဖြစ်ကြောင်း၊ အလျားပေ ၇၀၀ ရှိသည့် ကောင်းမှုလုံကြိုးတံတားကြီးကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် "တောင်တွေ့လျှင် လမ်းဖောက်၊ မြစ်တွေ့လျှင် တံတားဆောက်" ဆိုသည့် စကားနှင့်အညီ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲပြီး လမ်းများ၊ တံတားများ နိုင်ငံအဝန်း ဖောက်လုပ်တည်ဆောက်ပေးခဲ့သည်မှာ ယခုဆိုလျှင် နိုင်ငံတစ်လွှား လမ်းကွန်ချာသဖွယ် တည်ဆောက်ထားနိုင်ပြီဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် ကောင်းမှုလုံကြိုးတံတားကြီး မတည်ဆောက်မီက ပူတာအိုမှ မချမ်းဘော၊ နောင်မွန်၊ ပန်နန်းဒင်၊ ခေါင်လန်ဖူးကို သွားမည်ဆိုလျှင် ပူတာအိုမြို့နယ် ထဝါဒမ်းရွာအနီး မလိခမြစ်ကို သစ်သား စက်တပ်သမ္ဗန်ဖြင့် ခရီးသည်နှင့် ကုန်စည်များကို တင်ဆောင်ဖြတ်ကူးသွားလာခဲ့ရကြောင်း၊ ရေလမ်းခရီးနှင့် မလိခမြစ်ကို ဖြတ်ကူးသွားလာရခြင်းဖြစ်၍ မကြာခဏ အသက်အန္တရာယ်ဆုံးရှုံးမှုများ ကြုံရခြင်း၊ မိုးတွင်းကာလမြစ်ရေတက်ချိန်တွင် ဖြတ်ကူးရန် ခက်ခဲခြင်း၊ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်းနှင့် တစ်ဖက်ကမ်းရှိ မြို့နယ်များနှင့် ကုန်စည်စီးဆင်းမှု ရပ်တန့်ပြီး စားနပ်ရိက္ခာ ပြတ်လပ်ခြင်း စသည်များ ကြုံတွေ့ခဲ့ရကြောင်း၊ ယခု ဤတံတားသစ်ကြီး တည်ဆောက်ဖွင့်လှစ်ပေးနိုင်သည့်အတွက် ခရီးသွားပြည်သူများ၊ လူစီးနှင့် ကုန်စည်ပို့ဆောင်မည့် ယာဉ်ငယ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည့်အတွက် ဒေသထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချရာ၌ လွယ်ကူမြန်ဆန်လာပြီး ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ ဤတံတားကြီးသည် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူဖြစ်စေပြီး ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေး အဆင့်အတန်းမြင့်မားစေမည် ဖြစ်ကြောင်း၊ ထို့အပြင် ပူတာအိုခရိုင်ကို လာရောက်ကြသည့် ပြည်တွင်း၊ ပြည်ပဧည့်သည်များ အမြဲသွားရောက်လေ့ရှိသည့် ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံဘုရားအားလည်း လွယ်ကူစွာ သွားရောက်ဖူးမြော်နိုင်မည်ဖြစ်ကြောင်း။

ဤကောင်းမှုလုံကြိုးတံတားကြီးသည် ကချင်ပြည်နယ်အတွက် အစင်း ၂၀ မြောက် နိုင်ငံတော်က တည်ဆောက်ပေးသည့် ပေ ၁၈၀ အထက် တံတားကြီးဖြစ်ပြီး တည်ဆောက်နေဆဲ တံတားကြီး သုံးစင်းလည်း ရှိကြောင်း။

ထို့ကြောင့် ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်က ဆောင်ရွက်ပေးသည့် ဖွံ့ဖြိုးမှုအခြေခံများကို အသုံးချပြီး အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကောင်းမှုလုံကြိုးတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ကောင်းမှုလုံကြိုးတံတားသည် ပူတာအိုမြို့နယ် ပူတာအို-ထဝါဒမ်း-ကောင်းမှုလုံ-နောင်မွန်လမ်းပေါ်တွင် တည်ရှိပြီး ဤတံတားကြီး တည်ဆောက်ရန်အတွက် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ကချင်ပြည်နယ် ပူတာအိုခရီးစဉ်၌ လမ်းညွှန်မှုအရ တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်း၊ တံတားများကို တည်ဆောက်လျက်ရှိရာတွင် ယနေ့ဖွင့်လှစ်သည့် အစင်း ၂၅၀မြောက် ကောင်းမှုလုံကြိုးတံတားကို ၂၀၀၄ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် စတင်တည်ဆောက်ခဲ့ကြောင်း၊ သံကူကွန်ကရစ်၊ ဘိုးပိုင်အုတ်မြစ်အမျိုးအစားဖြစ်ပြီး အောက်ထည်ကို သံကူကွန်ကရစ်၊ အပေါ်ထည်ပိုင်းကို ဘေလီကြိုးတံတားအဖြစ် တည်ဆောက်ထားခြင်း ဖြစ်ကြောင်း၊ စုစုပေါင်း တံတားအရှည် ပေ ၇၀၀၊ ယာဉ်သွားလမ်း အကျယ် ကိုးပေရှိပြီး (ယာဉ် + ကုန်) တန်ချိန် ၁၀ တန်အထိ မော်တော်ယာဉ်များကို ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း၊ ဤတံတားသည် ကချင်ပြည်နယ်အနေဖြင့်ဆိုလျှင် အစင်း ၂၀ မြောက် နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ အထက် တံတားဖြစ်ကြောင်း၊ ဤတံတား တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့်အတွက် ခရီးသွားပြည်သူများ၊ လူစီးနှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်ငယ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်သည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပြီး ဤတံတားသစ်ကြောင့် စောင့်ဆိုင်းနေစရာမလိုတော့ဘဲ အန္တရာယ်ကင်းရှင်းစွာဖြင့် ကုန်းလမ်းခရီးကို အလွယ်တကူ သွားလာနိုင်မည်ဖြစ်သည့်အတွက် ကုန်စည်စီးဆင်းမှုများလည်း လျင်မြန်သွက်လက်လာတော့မည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် ဘက်ပေါင်းစုံမှ တိုးတက်လာမည်ဖြစ်သဖြင့် လူနေမှုဘဝ အဆင့်အတန်းမြင့်မားလာမည် ဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ရရှိထားသည့် ရလဒ်ကောင်းများကို အခြေခံပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို ဝိုင်းဝန်းတည်ဆောက်ဖော်ဆောင်သွားကြပါ၊ နိုင်ငံတော်က ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားကာ တည်ဆောက်ပေးခဲ့သည့် ဤတံတားကြီး စံချိန်စံညွှန်းမီမီ ရေရှည်တည်တံ့ခိုင်မြဲအောင် သတ်မှတ်ဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးသွားကြပါဟု တိုက်တွန်းရင်း ဤတံတားကြီးပြီးမြောက်အောင်မြင်စွာဖြင့် ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် စစ်ဘက်နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ကောင်းမှုလုံကြိုးတံတားကြီးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် ကချင်ပြည်နယ်နှင့် ပူတာအိုဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ကချင်ပြည်နယ် အပါအဝင် မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း

လွှတ်တော်များပွဲ့ စ…

ကျန်ရှိသည့် လု…

ပါကြိုးဖြတ် ဖွင့်လှစ်

ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်မြင့်စိုး၊ တိုင်းမှူး ဗိုလ်မှူးချုပ် ဇေယျာအောင်နှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့ ကောင်းမှုလုံကြိုးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)



ပူတာအိုမြို့နယ်ရှိ ကောင်းမှုလုံကြိုးတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတိုင်း… ဖြစ်သည့်အားလျော်စွာ… စည်းလုံးညီညွတ်မှု မပြို… ခိုင်မြဲရေး ဟူသည့်… တင်မြှောက်လိုက်သည့်… သွားရမည်ဖြစ်။

လွှတ်တော်များဖွဲ့ စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကို နိုဝင်ဘာ(၇)ရက်တွင် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ ကျန်ရှိသည့် လုပ်ငန်းစဉ်များကိုလည်း အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

ရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် ဘက်ပေါင်းစုံမှ တိုးတက်လာမည် ဖြစ်သဖြင့် လူနေမှုဘဝ အဆင့်အတန်း မြင့်မားလာမည် ဖြစ်ကြောင်း၊ နိဂုံးချုပ် အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ ရရှိထားသည့် ရလဒ်ကောင်းများကို အခြေခံပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် သစ်ကြီးကို ဝိုင်းဝန်းတည်ဆောက် ဖော်ဆောင်သွားကြပါ၊ နိုင်ငံတော်က ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ကာ တည်ဆောက်ပေးခဲ့သည့် ဤ တံတားကြီး စံချိန်စံညွှန်းမီမီ ရေရှည် တည်တံ့ခိုင်မြဲအောင် သတ်မှတ်ဥပဒေ များနှင့်အညီ လိုက်နာကျင့်သုံးသွားကြ ပါဟု တိုက်တွန်းရင်း ဤတံတားကြီး ပြီးမြောက်အောင်မြင်စွာဖြင့် ဖွင့်လှစ်နိုင် ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက် ပေးခဲ့ကြသည့် စစ်ဘက်နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါ ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ကောင်းမှုလုံ ကြိုးတံတားကြီးကို ဖွင့်လှစ်နိုင်ခဲ့ ခြင်းသည် ကချင်ပြည်နယ်နှင့် ပူတာအို ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေး ပါသော အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ကချင်ပြည်နယ် အပါအဝင် မိမိတို့ နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် စုစည်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ ကချင် ပြည်နယ်၌ ကချင်၊ ဗမာ၊ ဂျိန်းဖော၊ လော့ဝေါ်၊ လာချိတ်၊ ဇိုင်ဝါး၊ ရဝမ်၊ လီဆူး၊ ရှမ်းစသည့် တိုင်းရင်းသားများ မှီတင်းနေထိုင်ကြသဖြင့် ပြည်ထောင်စု ငယ်လေးတစ်ခုပမာ ဖြစ်တည်လျက်ရှိ ကြောင်း။

သို့ဖြစ်၍ မိမိတို့ တိုင်းရင်းသားများ အားလုံးသည် တစ်ဦးနှင့်တစ်ဦး အေး အတူ ပူအမျှ သာတူညီမျှ အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြမည်ဆို သည့် ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူကြရန် လိုအပ်ကြောင်း၊ ပြည်ထောင်စု စိတ်ဓာတ်သည်သာ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ် ကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးကို မျှမျှ တတ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး စသည့် ကဏ္ဍအသီးသီး ၌ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေး လျက်ရှိရာတွင် အထူးဖွံ့ဖြိုးရေးဒေသ ကြီး (၂၄) ခုသတ်မှတ်၍ ယင်းဒေသ များ၌ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ နည်းပညာ တက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် တစ်ခုစီ၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံတစ်ရုံစီ တည်ဆောက်ပေးကာ ဒေသခံ တိုင်းရင်းသားများအတွက် ပညာရေး၊ ကျန်းမာရေး အခြေခံကောင်းများ မြင့်မားတိုးတက်လာအောင် ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ ကချင်ပြည်နယ်၌ လည်း မြစ်ကြီးနားဒေသနှင့် ဗန်းမော် ဒေသတို့ကို အထူးဖွံ့ဖြိုးရေး ဒေသကြီး များအဖြစ် သတ်မှတ်ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ ထပ်မံ၍ မိုးညှင်း ဒေသ၌ နည်းပညာကောလိပ်နှင့် ဒီဂရီ ကောလိပ်တို့ကို ဖွင့်လှစ်ပေးထားသကဲ့ သို့ သွားလာရေး ဝေးလံခက်ခဲသော ပူတာအိုဒေသ၌လည်း စက်မှုလက်မှု အထက်တန်းကျောင်း ဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားများ အတတ် ပညာ၊ နည်းပညာများ တတ်မြောက်လာ စေရန် ဆောင်ရွက်ပေးနေခြင်းသည် နိုင်ငံတော်၏ ဒေသအပေါ်ထားရှိသည့် စေတနာကောင်းများကို ထင်ဟပ် ပေါ်လွင်စေလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ တော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် လျက်ရှိရာ ယခုအခါ ပဉ္စမအဆင့်ဖြစ် သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကို နိုဝင်ဘာ(၇)ရက်တွင် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ကျန်ရှိ သည့် လုပ်ငန်းစဉ်များကိုလည်း အောင် မြင်အောင် ဆက်လက် အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း။

မိမိတို့နိုင်ငံသည် ပြည်ထောင်စု တိုင်းရင်းသားများ စုစည်းနေထိုင်သည့် နိုင်ငံဖြစ်သည့်အားလျော်စွာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေး(၃)ပါးကို ရွေးကောက် တင်မြှောက်လိုက်သည့် မည်သည့်အစိုးရ ဖြစ်စေ ဦးထိပ်ပန်ဆင်သွားရမည် ဖြစ်ကြောင်း၊ တပ်မတော်သည်လည်း ဒို့တာဝန်အရေး(၃)ပါးကို ပြည်သူများ နှင့်အတူ ကာကွယ်စောင့်ရှောက် သွားရမည်ဖြစ်ကြောင်း၊ အလားတူ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီနောင်များအားလုံးကလည်း ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေးမူဝါဒ အဖြစ် ဦးထိပ်ပန်ဆင် ဆောင်ရွက်သွား ကြရမည်ဖြစ်ကြောင်း ပြောကြားလို ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ တော်ကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး အဖြစ် တည်ဆောက်လျက်ရှိရာတွင် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ရှိရေးသည် အခြေခံလိုအပ်ချက် တစ်ခု ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အနေဖြင့် တည်ငြိမ်အေးချမ်းမှုရှိရန် အတွက် နည်းမျိုးစုံဖြင့် ကြိုးပမ်း ဆောင်ရွက်ခဲ့မှုကြောင့် လက်ရှိ ရရှိ ထားပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုကို ဒေသခံပြည်သူများကလည်း ဝိုင်းဝန်း ထိန်းသိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ် အေးချမ်းမှ သာ ပြည်သူတိုင်းအနေဖြင့် မိမိဘဝ တိုးတက်ရေးအတွက် ပညာသင်ကြား နိုင်၊ အလုပ်လုပ်ကိုင်နိုင်ကြမည်ဖြစ်ပြီး နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်ကြောင်း။

ထို့အပြင် ပညာရည်ပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ်များ ပြည်ထောင်စုဒေသအနှံ့ ပေါ်ထွန်းလာ စေရေးအတွက် အခြေခံအဆောက် အအုံများကိုလည်း တည်ဆောက်ပေး ခဲ့ပြီးဖြစ်ရာ ယင်းအခြေခံ အဆောက် အအုံများကို အပြည့်အဝအသုံးချ၍ မိမိတို့ သားသမီးများအား ပညာတတ် များဖြစ်အောင် ကြိုးစားအားပေး ဆောင်ရွက်သွားကြ စေလိုကြောင်း၊ နိုင်ငံတစ်ဝန်း၌ ပညာတတ်များ ပေါကြွယ်ဝခြင်းဖြင့် ဆင်ခြင်တုံတရား မြင့်မားပြီး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ မိမိဘဝ တိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေး တို့အတွက် ဆောင်ရွက်နိုင်မည် ဖြစ် ကြောင်း။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူ အားလုံးက မိမိဒေသဖွံ့ဖြိုးတိုးတက် ရေးနှင့် မိမိနိုင်ငံ ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် ဒို့တာဝန် အရေး(၃)ပါးကို ဦးထိပ်ထားပြီး စစ်မှန် သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြား လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပူတာအိုမြို့ ဒုတ္ထန် ရပ်ကွက်မှ ဦးဖုန်ရိမင်က ကောင်းမှုလုံ ကြိုးတံတား တည်ဆောက်ဖွင့်လှစ်ပေး သည့်အတွက် ဒေသခံပြည်သူများ ကိုယ်စား ကျေးဇူးတင်စကား ပြောကြား သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တံတားမုခ်ဦးရှေ့၌ နေရာယူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် မြင့်စိုး၊ တိုင်းမှူး ဗိုလ်မှူးချုပ် ဇေယျာအောင်နှင့် ဝန်ကြီး ဦးခင်မောင် မြင့်တို့က တံတားကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က တံတားကမ္ပည်း မော်ကွန်းကျောက်စာတိုင်ကို စက် ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့ သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးနှင့် ဝန်ကြီးများက ကမ္ပည်း မော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့ သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှု ကြသည်။

ကောင်းမှုလုံကြိုးတံတားသည် ကချင် ပြည်နယ် ပူတာအိုမြို့နယ် ပူတာအို- ထဝါဒမ်း - ကောင်းမှုလုံ - နောင်မွန် ကားလမ်းပေါ်၌ တည်ရှိပြီး ပူတာအို ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း က တာဝန်ယူ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ တံတားအမျိုးအစားမှာ ဂျစ်ကားကူး သံကူကွန်ကရစ် ဘေလီ ကြိုးတံတားဖြစ်ပြီး စုစုပေါင်း တံတား အရှည်ပေ ၇၀၀၊ ယာဉ်သွားလမ်း အကျယ် ကိုးပေရှိသည်။ ခွင့်ပြုယာဉ် အလေးချိန်မှာ ၁၀ တန် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကောင်းမှုလုံကြိုးတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားများ စုစည်းနေထိုင်သည့် နိုင်ငံဖြစ်သည့်အားလျော်စွာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန် အရေး(၃)ပါးကို ရွေးကောက် တင်မြှောက်လိုက်သည့် မည်သည့်အစိုးရဖြစ်စေ ဦးထိပ်ပန်ဆင် သွားရမည်ဖြစ်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ကောင်းမှုလုံ ကြိုး တံ တား တည်ဆောက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် ဇေယျာအောင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ဝန်ကြီး ဦးလွန်းသိ ညောင်တုန်းရေနံနှင့်သဘာဝဓာတ်ငွေ့မြေ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိရာ ရေနံမြေရှင်းလင်းဆောင်၌ ရေနံမြေ အထွေထွေမန်နေဂျာက ညောင်တုန်းရေနံမြေ၏ လက်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ညောင်တုန်းဒေသနှင့် မအူပင်(တောင်)ဒေသများရှိ တူးဖော်လျက်ရှိသော တွင်းသစ်များကို သတ်မှတ်ချိန်အတိုင်း အောင်မြင်စွာ တူးဖော်ထုတ်လုပ်နိုင်ခြင်းအားဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဝန်ထမ်းများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ အလေအလွင့် နည်းပါးရေးနှင့် မီးဘေးအန္တရာယ် အထူးဂရုပြုရန်တို့ကို မှာကြားသည်။

ယင်းနောက် ရေနံမြေအတွင်းရှိ အမှတ်(၁)ရေနံနှင့် သဘာဝဓာတ်ငွေ့ စုပေါင်းထိန်းဖြန့်စခန်း၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ဖြန့်ဖြူးနေမှု၊ သဘာဝဓာတ်ငွေ့ ဖိအားမြှင့်စက်ရုံ (ညောင်တုန်း)၌ Compressor များဖြင့် သဘာဝဓာတ်ငွေ့များ တွန်းတင်ပို့လွှတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိ သဘာဝဓာတ်ငွေ့ ဖိအားမြှင့်စက်ရုံ (ညောင်တုန်း)တွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

▲ ကျောဖုံးမှ

ကွန်ကရစ်စက်ရုံတစ်ရုံမှ လမ်းခင်းရန် အသင့်ဖျော်ပြီး ကွန်ကရစ်သားများ ထွက်ရှိမှု နှုန်းထားသည် တစ်နာရီ ၅၀ မီတာ ကျွတ်ထွက်ရှိသည်။ ကွန်ကရစ်သား ၅၀ မီတာကျွတ်သည် ကွန်ကရစ်ဖျော် သယ်ယာဉ် AGITATOR TRUCK ၁၀ စီးတင်ရန် အနေအထားဖြစ်သည်။

ကွန်ကရစ်လမ်းသားများသည် ကာလရှည်စွာ ရာသီဥတုဒဏ်ခံနိုင်ရည်ပြည့်ဝသဖြင့် ရန်ကုန်မြို့ရှိ လမ်းများကို ကွန်ကရစ်လမ်းများအဖြစ် ပြောင်းလဲတည်ဆောက်ခဲ့ရာ ဘိလပ်မြေအတွက် အခက်အခဲမရှိစေရန် မန္တလေးတိုင်းဒေသကြီးအတွင်း၌ တစ်နေ့တန် ၅၀၀ ကျ မြို့တော် ဘိလပ်မြေစက်ရုံကို တည်ဆောက်နိုင်ခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း လမ်းများခင်းကျင်းမှုအတွက် ၂၀၀၉ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၀ ခုနှစ် မတ် ၃၁ ရက်ထိ တစ်နှစ်တာအတွင်း ဘိလပ်မြေအိတ်ပေါင်း ခုနစ်သိန်းကျော် အသုံးပြုခဲ့သည်။ ယခု ၂၀၁၀ ခုနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၆ ရက်အထိ ရှစ်လတာအတွင်း ဘိလပ်မြေသုံးစွဲမှုမှာ ဘိလပ်မြေအိတ်ပေါင်း ခုနစ်သိန်းခန့်အထိ သုံးစွဲသည်ကို ကြည့်ခြင်းအားဖြင့် ဘိလပ်မြေ အရေးပါမှုကို သိရှိနိုင်မည် ဖြစ်သည်။

၂၀၁၀ ခုနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၆ ရက် ရှစ်လတာအတွင်း လမ်းများ တည်ဆောက်မှုကို စာရင်းဇယားဖြင့် တင်ပြပါသည်။

		ဆောင်ရွက်ပြီး		ဆောင်ရွက်ဆဲ		စုစုပေါင်း	
စဉ်	လမ်းအမျိုးအစား	အရေအတွက်	အရှည်ပေ	အရေအတွက်	အရှည်ပေ	အရေအတွက်	အရှည်ပေ
၁	ကွန်ကရစ်	၇၁၅	၅၈၁၂၃၈	၁၇၁၅	၂၁၂၇၂၃၆	၂၄၃၀	၂၇၀၈၄၇၄
၂	ကတ္တရာ	၅၆	၁၁၅၂၆၅	၈၉	၁၄၄၃၇၀	၁၄၅	၂၅၉၆၃၅
၃	ကတ္တရာကွန်ကရစ်	၂၃	၂၄၈၈၅	၂	၁၇၀၀၀	၂၅	၄၁၈၈၅
	စုစုပေါင်း	၇၉၄	၇၂၁၃၈၈	၁၈၀၆	၂၂၈၈၆၀၆	၂၆၀၀	၃၀၀၉၉၉၄

သရက်မြို့နယ် မြို့တွင်း လမ်းဘေးဝဲ၊ ယာ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ခြင်၊ ယင်များ မပေါက်ပွားရေးတို့အတွက် ရေမြောင်းများ တူးဖော် ရှင်းလင်းခြင်းကို အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမြလင်း ကြီးကြပ်စဉ်။
(မြို့နယ်စည်ပင်)

မြောက်ပိုင်းဒေသများ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နိုဝင်ဘာ ၃၀ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့တွင်းကပ်တိုးများ ပြုပြင်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်စိုး ကွင်းဆင်းကြီးကြပ်စဉ်။
(သတင်းစဉ်)

အခွင့်အလမ်းဂျာနယ် (၅)နှစ်ပြည့် အထိမ်းအမှတ် Seminar ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

အခွင့်အလမ်းဂျာနယ် ထုတ်ဝေခြင်း (၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် Seminar ကို နိုဝင်ဘာ ၂၇ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ယင်း Seminar တွင် အခွင့်အလမ်းဂျာနယ် တာဝန်ခံအယ်ဒီတာ မောင်သန်းစိုး (DMA) က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Seminar ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးရဲမြင့် (စွန့်ဦးတီထွင်) က မျိုးဆက်သစ်လူငယ်နှင့် စွန့်ဦးတီထွင်လုပ်ငန်း (Young Achiever and Entrepreneurship) အကြောင်းအရာကိုလည်းကောင်း၊ ဒေါက်တာနေဇင်လတ်က လွန်ကဲသာ အနာဂတ်နှင့် သင့်ဘဝကို ဦးဆောင်ခြင်း (Extreme Future and Leading Your Life) အကြောင်းအရာကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာသူများက မေးမြန်းဆွေးနွေးကြရာ ဦးရဲမြင့်(စွန့်ဦးတီထွင်)နှင့် ဒေါက်တာနေဇင်လတ်တို့က ပြန်လည်ဖြေကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချစ်နိုင်(စိတ်ပညာ)၏ စာရေးသားနည်းစာအုပ် ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၉



စာရေးဆရာဖြစ်လာရန် ကြိုးစားခဲ့ကြသူများ ရှိသည်။ အများစုမှာ စာရေးဆရာဖြစ်မလာပေ။ စာရေးဆရာ ဖြစ်ရန် ပုံသေနည်းမရှိချေ။ စာရေးရန်ဝါသနာပါသူများအတွက် စာရေးဆရာကြီး ပီမိုးနင်း၊ သူရိယကန္တိ၊ တင့်တယ်၊ သော်တာဆွေ၊ ရွှေကူမေနှင်း၊ အောင်သင်း၊ ဖေမြင့်၊ မင်းသုဝဏ်၊ မောင်ခင်မင် (ဓနုဖြူ) စသည့် ပုဂ္ဂိုလ်များက နည်းပေးလမ်းညွှန် ရေးသားချက်များရှိခဲ့သည်။

စာစီစာကုံး ရေးနည်းစာအုပ်များ မရေမတွက်နိုင်အောင် ထွက်ရှိခဲ့သော်လည်း စာရေးသားနည်းစာအုပ် မျိုးကမူ ရှားပါးပေသည်။ စစ်ဦးစီး တက္ကသိုလ်တွင် ဦးစီးတာဝန်ကို သင်ကြားပို့ချခဲ့သော ချစ်နိုင် (စိတ်ပညာ) ရေးသားသည့် "စာရေးသားနည်း" မှာ တိုတိုနှင့် ထိရောက်ပုံပေါ်သည်။

စာရေးသားခြင်း၏ ကြီးမားသော စွမ်းအား၊ စာရေးတော့မည်လား၊ စာရေးလိုသော်၊ စာရေးချင်သလား၊ ရည်ရွယ်ချက်တိကျ၊ သင်ပါပြင်ပါ၊ စာရေးမည်ဆိုလျှင်၊ စာရေးသားနည်း၊ ဆယ်နှစ်ကြာလျှင် တကယ်ဖြစ်လာမည်၊ ကိုယ်ကြိုက်ရာသာလုပ်ပါ ဟူသော အခန်း ၁၀ ခု ခွဲခြားဖော်ပြထားသည်။

ချစ်နိုင်(စိတ်ပညာ) ၏ စာရေးသက်နှစ်ပေါင်း ၃၀ ခန့် အတွင်း ထူးခြားသော သူ၏ (၈၅) အုပ်မြောက် စာအုပ်တစ်အုပ်ကို နိုင်စာပေ ဖုန်း-၅၅၃၀၉၀ က ထုတ်ဝေလိုက်ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မိုးရာသီကာလတွင် ပျက်စီးခဲ့သည့် လမ်းများအနက် ထန်းပင်ကုန်းလမ်း၊ ပဲခူးစုလမ်းနှင့် ဗညားဦးလမ်းတို့တွင် ကတ္တရာခင်း ဆောင်ရွက်ခြင်းများကို အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့ ကွင်းဆင်းကြီးကြပ်စဉ်။
(မြို့နယ်စည်ပင်)

သစ်တောနဲ့ သစ်ပင်
ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

(၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၉

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ ညနေပိုင်းတွင် သတ်မှတ်ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန် (တောင်ကြီး)၌ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (က)အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က)အသင်းတို့သည် ဂိုးမရှိ သရေဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (င)အုပ်စု ရကတဇုန် (ရန်ကုန်)၌ တပ်မတော်(လေ)အသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဂ)အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (စ)အုပ်စု လပခဇုန် (မန္တလေး)၌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က)အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို ၁၀ ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင် အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်
ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

"အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကိုရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့"

"Stop AIDS. Keep the Promise."
"Avoid Stigma & Discrimination: Towards Universal Access."

ပြည်တွင်းပြည်ပအားကစား ပြည်တွင်းပြည်ပအားကစား ပြည်တွင်းပြည်ပအားကစား ပြည်တွင်းပြည်ပအားကစား

ဆူဇူကီးဖလားဘောလုံးပြိုင်ပွဲ ဒီဇင်ဘာ ၂ ရက်နေ့စတင်မည် မြန်မာအသင်း အောင်ပွဲရ၍ မြန်မာ့ဂုဏ်ကိုဆောင်နိုင်မည်ဟုမျှော်လင့်

အရှေ့တောင်အာရှနိုင်ငံများ၏ အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ဆူဇူကီးဖလားပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် နိုဝင်ဘာ ၂၇ ရက်က ပြိုင်ပွဲကျင်းပမည့် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့ ရောက်ရှိခဲ့ပြီး ဖြစ်သည်။

နိုဝင်ဘာ ၂၈ ရက်က လေ့ကျင့်ခန်းဆင်းနေသည့် မြန်မာအသင်းအား တွေ့ရစဉ်။

မြန်မာ့လက်ရွေးစင် အသင်းတွင် ကစားသမား ၂၂ ဦး လိုက်ပါသွားပြီး နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်က တာဝန်ယူမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် ဂိုး-ကျော်ဇင်ထက်၊ သီဟစည်သူ၊ ညီညီလွင်၊ နောက်တန်း- ဇော်လင်းထွန်း-၂၊ မိုးဝင်း၊ ခင်မောင်လွင်၊ ခင်မောင်ထွန်း၊ ကျော်ခိုင်ဝင်း၊ ဉာဏလွင်၊ အေးဆန်း၊ ရန်အောင်ဝင်း၊ ဝင်းမင်းထွဋ်၊ အလယ်တန်း- မျိုးမင်းထွန်း၊ အောင်ကျော်မိုး၊ ထွန်းထွန်းဝင်း၊ ရာဇာဝင်းသိန်း၊ ပိုင်စိုး၊ အောင်မျိုးသန့်၊ ကျော်ဇေယျာဝင်းနှင့် ရှေ့တန်းကစားသမားများအဖြစ် ရန်ပိုင်၊ မိုင်းအိုက်နိုင်၊ ကျော်ကိုကိုတို့ ပါဝင်လိုက်ပါသွားကြသည်။

မြန်မာအသင်းတွင် ပါဝင်သည့် ကစားသမားအများစုမှာ အတွေ့အကြုံရင့်ကျက်သည့် ကစားသမားများဖြစ်နေသည်ကို တွေ့ရသည်။ ဂိုးသမား ညီညီလွင်၊ နောက်ခံလူများဖြစ်ကြသည့် ရန်အောင်ဝင်း၊ ဉာဏလွင်၊ ရှေ့တန်းမှ ကျော်ကိုကိုနှင့် မိုင်းအိုက်နိုင်တို့မှာ နိုင်ငံတကာအတွေ့အကြုံနည်းပါးသော်လည်း MNL တွင် ပါဝင်ကစားနေသည့် အတွေ့အကြုံရှိကစားသမားများဖြစ်သည်။ မြန်မာအသင်း၏ ကွင်းလယ်ပိုင်းတွင် ရွေးချယ်ထားသည့် ကစားသမားများမှာ MNL ရော၊ နိုင်ငံတကာအတွေ့အကြုံပါ ရင့်ကျက်ပြီးသားကစားသမားများဖြစ်သည်။ သို့သော် ကွင်းလယ်ကစားသမား ခုနစ်ဦးစလုံးမှာ တိုက်စစ်ကို အသားပေး လိုက်ပါကစားတတ်သည့်သူများ ဖြစ်နေသည်ကို တွေ့ရသည်။ သို့အတွက်ကြောင့် မြန်မာအသင်း၏ ခံစစ်ပိုင်းထိန်းချုပ်မှုမှာ အားနည်းလာဖွယ်ရာရှိနေသည်။

ဆူဇူကီးဖလားပြိုင်ပွဲ၏ အုပ်စု (က)တွင် အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှားနှင့် လာအိုတို့ ပါဝင်နေပြီး မြန်မာအသင်းသည် အုပ်စု (ခ)တွင် အိမ်ရှင်ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်တို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းမှာ ပွဲဦးထွက်ပွဲစဉ်အဖြစ် အိမ်ရှင်ဗီယက်နမ်နှင့် ဒီဇင်ဘာ ၂ ရက်နေ့တွင် စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဗီယက်နမ်အသင်းတွင် အဓိကအားထားရသည့် ကစားသမားများ မပါဝင်နိုင်ဟုဆိုသော်လည်း အိမ်ရှင်ဖြစ်နေခြင်း၊ စိတ်ဓာတ်ကောင်းကောင်းဖြင့် လျင်မြန်မှုရှိခြင်းတို့ကြောင့် ပွဲဦးထွက်ပွဲသည် မြန်မာအသင်းအတွက် ခက်ခဲနိုင်မည်ဖြစ်သည်။ သို့သော် ကစားသမားများ၏ အတွေ့အကြုံပိုင်းတွင် မြန်မာအသင်းက အနည်းငယ်အားသာမည်ဟု ယူဆရသည်။

မြန်မာအသင်း၏ ဒုတိယပွဲစဉ်မှာ အတွေ့အကြုံရော၊ သမ္မာပါသာသည့် စင်ကာပူအသင်းဖြစ်သည်။ စင်ကာပူအသင်းတွင် မွေးစားလက်ရွေးစင် ကစားသမားများရှိနေ၍ ထိပ်တန်းအဆင့်တွင်ရှိနေခြင်းဖြစ်သည်။ မြန်မာအသင်း နောက်ဆုံးဆုံတွေ့ရမည့် ဖိလစ်ပိုင်အသင်းမှာ သာမန်ခြေစွမ်းသာရှိသည်ဆိုသော်လည်း လျှော့မတွက်သင့်ပေ။

မြန်မာအသင်းအနေဖြင့် ဗီယက်နမ်၊ စင်ကာပူတို့နှင့် ဆုံတွေ့ရမည့်နှစ်ပွဲလုံးကို သရေ(သို့) အနည်းဆုံးတစ်ပွဲနိုင်အောင် ကစားနိုင်ပါမှသာ အုပ်စုတက်ရေးမျှော်လင့်ချက်ရှင်သန်မည်ဖြစ်သည်။ ပွဲဦးထွက်တွင် ဗီယက်နမ်၊ စင်ကာပူတို့နှင့် နှစ်ပွဲဆက်တိုက်ပွဲကျပ်နွှဲရမည်ဖြစ်ခြင်းကြောင့် မြန်မာအသင်းအတွက် ပွဲကျပ်သည်ဟု ဆိုနိုင်သည်။ အကယ်၍ မြန်မာအသင်းသည် မြန်မာပရိသတ်ထုကြီး မျှော်လင့်ထားသည့်အတိုင်း အုပ်စုကိုကျော်ဖြတ်နိုင်မည်ဆိုပါက ဆီမီးဖိုင်နယ်ကိုအိမ်ကွင်း၊

ဝင်းတင်(ကြေးမုံ)

အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ခြင်းကြောင့် အခွင့်အရေးများစွာရှိနေသည်။

သို့သော် မြန်မာအသင်းအတွက် လတ်တလောအဓိကအရေးကြီးသည်မှာ ပွဲတိုင်းကို ရလဒ်ကောင်းအောင် စွမ်းဆောင်ပြီး အုပ်စုကိုကျော်ဖြတ်နိုင်ရေးပင်ဖြစ်သည်။ ကစားသမားများအပိုင်းကလည်း နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ရန်၊ တိုင်းပြည်နှင့် လူမျိုးအတွက် ပေးဆပ်ရန် အဆင်သင့်ရှိနေကြတော့မည် ဖြစ်သည်။ မြန်မာပရိသတ် အနေဖြင့်လည်း ပြိုင်ပွဲမစတင်မီက မြန်မာအသင်းကို မည်သို့ပင် ဝေဖန်စေကာမူ ပြိုင်ပွဲစတင်ယှဉ်ပြိုင်ပြီဆိုပါက မြန်မာပြည်တစ်ဝန်းလုံးရှိ လူကြီးလူငယ် ကျားမ မရွေး မြန်မာအသင်း အောင်ပွဲရ၍ မြန်မာ့ဂုဏ်ကိုဆောင်နိုင်မည်ဟုမျှော်လင့်ရင်း မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် မြန်မာပီပီ သွေးနီနီဖြင့် MRTV မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည့် မြန်မာဘောလုံးပွဲများကို မမောနိုင်၊ မပန်းနိုင် အားပေးကြပေဦးတော့မည်မှာ အသေအချာပင်တည်း။ ။

ကာရေဂါ ပခုံးဒဏ်ရာကြောင့် တစ်လခန့်နားရမည်

လန်ဒန် နိုဝင်ဘာ ၂၉-လီဗာပူးအသင်း၏ ဗဟိုခံစစ်ကစားသမား ကာရေဂါသည် ယမန်နေ့က ပွိုက်ဟတ်လိန်းတွင် စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲတွင် ပခုံးအဆက်လွဲဒဏ်ရာ ရရှိခဲ့သည်။ အဆိုပါ ဒဏ်ရာကြောင့် ကာရေဂါမှာ အနည်းဆုံး တစ်လခန့် နားရတော့မည်ဟုသိရသည်။

ကာရေဂါသည် လီဗာပူးအသင်းခေါင်းဆောင် ဂျရတ် ဒဏ်ရာကြောင့် မပါဝင်နိုင်ချိန်တွင် အသင်းခေါင်းဆောင်တာဝန်ယူကစားနေသူဖြစ်သည်။ လီဗာပူးအသင်း၏ နောက်တန်းဗဟိုခံစစ်နေရာတွင် အဂ္ဂါမှာလည်း ဒဏ်ရာရနေ၍ ယခု ကာရေဂါ ထပ်မံဒဏ်ရာရခဲ့ခြင်းကြောင့် နည်းပြ ရွိုင်းဟော့ဆန်အတွက် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့ရတော့သည်။ ဒဏ်ရာရကစားသမား များနေသည့် လီဗာပူးအသင်းသည် ပွဲစဉ်(၁၅)အပြီးတွင် ရမှတ် ၁၉ မှတ်ဖြင့် အဆင့်(၁၀) နေရာသို့ ရောက်ရှိနေသည်။

အင်တာနက်။

ATP World Tour Finals တင်းနစ်ပြိုင်ပွဲပြီးဆုံး ရော်ဂျာဖက်ဒဲရား ငါးကြိမ်မြောက်ဗိုလ်စွဲ

လန်ဒန် နိုဝင်ဘာ ၂၉- Barclays ATP World Tour Finals တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲကို တနင်္လာနေ့ နံနက်ပိုင်းက လန်ဒန်မြို့ရှိ O2 အရီနာကွင်း၌ကျင်းပခဲ့ရာ ကမ္ဘာ့အဆင့်(၂) ဆွစ်ဇာလန်နိုင်ငံသား ရော်ဂျာဖက်ဒဲရားက ကမ္ဘာ့အဆင့်(၁) စပိန်နိုင်ငံသား ရာဖေးနာဒယ်လ်ကို ၆-၃၊ ၃-၆၊ ၆-၁ ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ယခုပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် ရော်ဂျာဖက်ဒဲရားသည် ဆီမီးဖိုင်နယ်တွင် ဆာဘီးယားနိုင်ငံသား ဂျိုးကိုဗစ်ကိုအနိုင်ရခဲ့ပြီး ရာဖေးနာဒယ်လ်မှာမူ အင်္ဂလန်နိုင်ငံသား အင်ဒီမာရေးကို အနိုင်ရကာ တက်လာနိုင်ခဲ့ခြင်းဖြစ်သည်။ ရော်ဂျာဖက်ဒဲရားနှင့် ရာဖေးနာဒယ်လ်တို့သည် ယခုဗိုလ်လုပွဲကို ၁ နာရီနှင့် ၃၇ မိနစ်ကြာအောင် ယှဉ်ပြိုင်ကစားခဲ့ရသည်။ ရော်ဂျာဖက်ဒဲရားမှာ ယခုဆုဖလားကို ငါးကြိမ်မြောက်ရရှိခြင်းဖြစ်သည်။ ရော်ဂျာဖက်ဒဲရားနှင့် ရာဖေးနာဒယ်လ်တို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားခဲ့ရာ O2 အရီနာကွင်းသို့ အာဆင်နယ်နှင့် ဘာစီလိုနာကစားသမားဟောင်း သီရာရီဟင်နရီလည်း လာရောက်ကြည့်ရှုအားပေးခဲ့သည်ကို တွေ့ရသည်။ **အင်တာနက်။**

ATP World Tour Finals တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသည့် ရော်ဂျာဖက်ဒဲရားအား ဆုဖလားနှင့်အတူ တွေ့ရစဉ်။

တယ်ရီနှင့် လမ်းပတ်တို့ကို ချယ်လ်ဆီးတွင် မြင်တွေ့ရတော့မည်

လန်ဒန် နိုဝင်ဘာ ၂၉

ဒဏ်ရာကြောင့် ကာလကြာရှည်စွာ အနားယူနေရသည့် ချယ်လ်ဆီးအသင်းခေါင်းဆောင် နောက်ခံကစားသမား ဂျွန်တယ်ရီနှင့် ကွင်းလယ်ကစားသမား လမ်းပတ်တို့မှာ ဒဏ်ရာမှ ပြန်လည်သက်သာလာပြီဖြစ်၍ အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းနေပြီဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးနည်းပြအန်ဆန်လော့တီက ၎င်းတို့နှစ်ဦးမှာ လာမည့်အပတ်တွင် ကစားရမည့်အဲဗာတန်နှင့် ပွဲတွင်ပြန်လည်ပါဝင်နိုင်မည်ဟု ယုံကြည်နေသည်။

အင်တာနက်။

အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်များမဲခွဲ မန်ယူနှင့် လီဗာပူးတို့ ထိပ်တိုက်တွေ့ဆုံ

လန်ဒန် နိုဝင်ဘာ ၂၉ - *အင်္ဂလန်ပြည်တွင်းလိဂ်ပြိုင်ပွဲများတွင် အစဉ်အလာကြီးမားခဲ့သည့် အက်ဖ်အေဖလား တတိယအဆင့်ပြိုင်ပွဲများကို ယမန်နေ့က မဲခွဲရွေးချယ်ခဲ့ရာ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့မှာ ပွဲချောင်သော်လည်း မန်ယူမှာမူ လီဗာပူးနှင့် ထိပ်တိုက်တွေ့ဆုံမည်ဖြစ်သည်။*

အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်များကို ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တို့တွင် ယှဉ်ပြိုင်ကစားစေမည်ဖြစ်သည်။ အက်ဖ်အေဖလားပြိုင်ပွဲ၏ လက်ရှိချန်ပီယံချယ်လ်ဆီးမှာ အိမ်ကွင်းတွင် အစ်ဗုစ်ချ်နှင့် ကစားရမည်ဖြစ်သည်။ အာဆင်နယ်မှာ လိဒ်နှင့်လည်းကောင်း၊ မန်စီးတီးမှာ လက်စတာစီးတီးနှင့်လည်းကောင်း၊ စပါးမှာ ချာလ်တန်(သို့) လူတန်တောင်းနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အင်တာနက်။

ဒါရီဂျိုဆာနာအား စပါးနှင့် ချယ်လ်ဆီးတို့ မျက်စိကျနေ

လန်ဒန် နိုဝင်ဘာ ၂၉ - ရှက်တာဒိုးနစ်အသင်းမှ ကစားသမားတစ်ဦးဖြစ်သည့် ခရိုအေးရှားအသင်းခေါင်းဆောင်ဖြစ်သူ ဒါရီဂျိုဆာနာအား စပါးနှင့် ချယ်လ်ဆီးအသင်းတို့မှ မျက်စိကျနေကြောင်း 'Soccer' မဂ္ဂဇင်းတွင် ဖော်ပြထားသည်။

သို့သော် အဆိုပါ လန်ဒန်ကလပ် အသင်းနှစ်သင်းသည် ဒါရီဂျိုအားခေါ်ယူရန်အတွက် ရီးယဲယ်မက်ဒရစ်၊ ဘာစီလိုနာ၊ ဂျူဗင်တပ်စ်နှင့် တိုရင်နိုအသင်းတို့နှင့် အတူ ယှဉ်ပြိုင်လုယူရမည်ဖြစ်သည်။ဒါရီဂျိုသည် ရှက်တာဒိုးနစ်အသင်းနှင့် ယခုနှစ်ရာသီကုန်အထိစာချုပ်ချုပ်ဆိုထားပြီး နောက်ထပ်စာချုပ်အသစ်ချုပ်ဆိုရန် ပျက်ကွက်ထားသဖြင့် ဥရောပကလပ်အသင်းများက သူ့အားခေါ်ယူရန် စိတ်ဝင်စားနေသည်။

အသက် ၂၈ နှစ် ရှိပြီဖြစ်သော ဒါရီဂျိုသည် တန်ပြန်တိုက်စစ်ကစားရာတွင် ထူးချွန်သူဖြစ်ပြီး ဘောလုံးကစားရာတွင် ဖန်တီးနိုင်စွမ်းရှိသူ၊ လျင်မြန်ဖျတ်လတ်သူ၊ ကြိုးစားပမ်းစားကစားတတ်သူနှင့် ဖြတ်တင်ဘောများပေးပို့ရာတွင် တိကျသူ တစ်ဦးဖြစ်သည်။ **အင်တာနက်။**

ပရီမီယာလိဂ်သတင်းအတိုအထွာများ

အာဆင်နယ်- *ဘရာဂါအား ရှုံးနိမ့်ခဲ့သည့် ချန်ပီယံလိဂ်ပွဲတွင် ရရှိခဲ့သော အသင်းခေါင်းဆောင် ဖာဘရီဂတ်စ်၏ တံကောက်ကြောဒဏ်ရာသည် မိုက်ကယ်အိုဝင်ကဲ့သို့ ကစားသမားဘဝကို ထိခိုက်သည်အထိ ဆိုးရွားမည်မဟုတ်ဟု ယုံကြည်ကြောင်း အာဆင်နယ်အသင်းမန်နေဂျာ အာစင်ဝင်းဂါးက ဆိုသည်။*

ဘလက်ဘန်း- *အသင်း၏ ကစားသမားဟောင်း ဆန်တာခရုဇ်အား မန်စီးတီးအသင်းထံမှ ပြန်လည်ခေါ်ယူမည်ဟု ဘလက်ဘန်းမန်နေဂျာ ဆမ်အလာဒိုက်က ပြောကြားသည်။ သို့သော် မန်စီးတီးအသင်းက ဆန်တာခရုဇ်အား ပေးချေနေသည့် လစာငွေမျိုးပေးနိုင်ရန် ဘလက်ဘန်းအနေဖြင့် ခက်ခဲဖွယ်ရှိသည်ဟု ၎င်းက ဆိုသည်။*

ချယ်လ်ဆီး- *မန်နေဂျာ အန်ဆန်လော့တီ အနေဖြင့် အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်အား လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့တွင် ကစားသမားသစ် ဝယ်ယူရန် တိုက်တွန်းမည် မဟုတ်ဟုသိရသည်။ ၎င်းက ချယ်လ်ဆီးအသင်းတွင် ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ်ဖလားနှစ်လုံးရယူရန် လုံလောက်သော အင်အားရှိနေသည်ဟု ယုံကြည်နေသည်။ ဒဏ်ရာရကစားသမားများ ပြန်လည်ကောင်းမွန်လာပြီဖြစ်သဖြင့် ကစားသမားသစ်ခေါ်ရန်မလိုဟု ၎င်းကဆိုသည်။*

ဖူလ်ဟမ်- *တန်းဆင်းဇုန်နှင့် နီးကပ်နေသည့် ဖူလ်ဟမ်အသင်း၏ နည်းပြ မာ့ခ်ဟုချ်က သူ၏အသင်းအနေဖြင့် တန်းဆင်းဇုန်တိုက်ပွဲမှ ရုန်းထွက်နိုင်သည့် အရည်အသွေးရှိသည်ဟု ဘာမင်ဂမ်အား သရေကျခဲ့သည့် ပရီမီယာလိဂ်ပွဲအပြီးတွင် ပြောကြားလိုက်သည်။*

မန်စီးတီး- *ပွဲထွက်ကစားခွင့် မရသဖြင့် စိတ်ပျက်နေသည့် မန်စီးတီးတိုက်စစ်မှူး အဒီဘာယောက အီတလီကလပ် ဂျူဗင်တပ်စ်အသင်းသို့ လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရန်စီစဉ်နေကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။*

ဝက်စ်ဟမ်း- *အီတလီကစားသမားဟောင်း ဒီကာနီယိုအား နည်းပြအဖွဲ့ဝင်တစ်ဦးအဖြစ်ခေါ်ယူရန် ဝက်စ်ဟမ်းမန်နေဂျာ အေဗရမ်ဂရန့်က ဆန္ဒရှိနေသည်ဟု သိရသည်။ လက်ထောက်မန်နေဂျာ ပတ်ထရိုဗစ် နုတ်ထွက်သွားသဖြင့် လစ်လပ်နေသော နေရာတွင် ဒီကာနီယိုအား အစားထိုးရန် ဆန္ဒရှိနေသည်ဟု သိရသည်။*

ဝီဂန်- *အသင်းအနေဖြင့် ရလဒ်ဆိုးနေသော်လည်း စွမ်းဆောင်ရည်ကောင်းမွန်နေသည့်အတွက် ကျေနပ်သည်ဟု ဝီဂန်မန်နေဂျာ ရောဘတ်တို မာတီနက်ဇ်က ဆိုသည်။ သို့သော် ရသင့်သည့် အမှတ်များမဆုံးရှုံးရအောင် ကြိုးပမ်းရမည်ဟုလည်း ၎င်းက ပြောခဲ့သည်။* ***အင်တာနက်။***

စိုးတင့်နိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ကျောင်းဖွင့်ရက်ကြေညာခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်များတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် သင်တန်းများအားလုံးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

ကျောင်းစတင်ဖွင့်မည့်ရက်	- ၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၆)ရက် (တနင်္လာနေ့)
ကျောင်းအပ်ရန်စတင်လက်ခံမည့်ရက်	- ၂၀၁၀ခုနှစ်၊ နိုဝင်ဘာလ(၂၄)ရက် (ဗုဒ္ဓဟူးနေ့)
ကျောင်းအပ်နောက်ဆုံးလက်ခံမည့်ရက်	- ၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၁၀)ရက် (သောကြာနေ့)

ကျောင်းအပ်လက်ခံသည့်ရက်ထက် နောက်ကျ၍ လာရောက်အပ်နှံသော ကျောင်းသား/သူများအား လုံးဝ(လုံးဝ)လက်ခံမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်သိလိုပါက သက်ဆိုင်ရာ ကွန်ပျူတာတက္ကသိုလ်များရှိ ကျောင်းသားရေးရာဌာနများ၌ စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံများ၏
၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ကျောင်းဖွင့်ရက်ကြေညာခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာ တက္ကသိုလ်များနှင့် အစိုးရနည်းပညာကောလိပ်/သိပ္ပံများတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် သင်တန်းများအားလုံးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

ကျောင်းစတင်ဖွင့်မည့်ရက်	- ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် (တနင်္လာနေ့)
ကျောင်းအပ်ရန်စတင်လက်ခံမည့်ရက်	- ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက် (ဗုဒ္ဓဟူးနေ့)
ကျောင်းအပ်နောက်ဆုံးလက်ခံမည့်ရက်	- ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် (သောကြာနေ့)

ကျောင်းအပ်လက်ခံသည့်ရက်ထက် နောက်ကျ၍ လာရောက်အပ်နှံသော ကျောင်းသား/သူများအား လုံးဝ(လုံးဝ) လက်ခံမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်သိလိုပါက သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံများရှိ ကျောင်းသားရေးရာဌာနများ၌ စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

Ph : 09 - 5194040, 09 - 5189393

ရက်ပိုင်းမျှသာ ရပါတော့မည်

ရောင်းမည်
ဘဏ်ပဲဖွင့်ဖွင့်
ရွှေဆိုင်ပဲဖွင့်ဖွင့်
အားလုံးသင့်သည့်နေရာ
ပိုင်ရှင်ရောင်းတုန်းဝယ်ရမည့်နေရာ
အနော်ရထာလမ်းနှင့်
မဟာဗန္ဓုလလမ်းကြား၊
လမ်းမတော်ပလာဇာအောက်ထပ်
ဆက်သွယ်ရန်
ဖုန်း-၀၉-၅၁၇၅၅၃၃

Daily Banking Operation
English for Banking
Accounting Basis
Computerized Banking System
Cyber Sky Computer Training Centre

PCWorld
Amazing Windowsကို
Android phone
E-reader

Riso
(A4/Legal 70gsm)
Print out 30 Ks
5%discount

ပေါင်းတည်၌ မိုးစပါး စံကွက်ရိတ်သိမ်း

ပေါင်းတည် နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလင်းသန့်သည် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်း၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးဖြူဝင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းမာရွှေ၊ မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ ကြို့တောကန်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်စိုးနှင့် အဖွဲ့ဝင်များနှင့်အတူ မိုးစပါးအထွက်နှုန်းမှန်ကန်ရေးအတွက် နိုဝင်ဘာ ၂၃ ရက် နံနက်က ပေါင်းတည်မြို့နယ် ကြို့တောကန်ကျေးရွာအုပ်စု နတ်ပုတီးရွာ ကွင်းအမှတ် (၁၀၉၄) ဦးပိုင်အမှတ် (၁၅၄) တောင်သူ ဦးဗိုလ်ဝင်း၏ လယ်တွင် မိုးစပါး အင်းမရဲဘော် စပါးမျိုးစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်ကြသည်။ မိုးစပါးစံကွက် ရိတ်သိမ်းပွဲ၏ တစ်ဧကအထွက်နှုန်းမှာ ၈၆ ဒသမ ၂၅ တင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ယာပုံ) (၁၃၅)

မသန်စွမ်းသူများ လေ့လာရေးခရီးထွက်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် လူမှုဝန်ထမ်းမှ ကျင်းပသော ပြိုင်ပွဲများတွင် ဆုရသော မသန်စွမ်းသူများနှင့် ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ) ဗဟိုမှ မသန်စွမ်းသူများ၊ အထက်မြန်မာပြည်ရုံးခွဲမှ မသန်စွမ်းသူများ စုစုပေါင်း ၁၁၀ တို့သည် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားသို့ တက်ရောက်ကြမည် ဖြစ်သည့်အပြင် နေပြည်တော်တွင် အပန်းဖြေလေ့လာရေးခရီး သွားရောက်မည်ဖြစ်ရာ မသန်စွမ်းသူများအတွက် လှူဒါန်းလိုသူများသည် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ရုံးချုပ် အမှတ် (၇၉၇) အခန်း-၁၀၄(ဘီ) ဗိုလ်ချုပ်လမ်း ဝါးတန်းလမ်းထောင့် မြန်မာ့အလှတာဝါ(၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၂၉၂၃၊ ၂၂၉၀၈၇နှင့် ၂၁၅၉၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၉ ရက်က တောင်ကြီးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဦးစီးမှူး ဦးကျော်အေးလွင်က ယာဉ်အန္တရာယ်ဖြစ်မှု ကြိုတင်သတိပေးခြင်း ရှင်းလင်းဟောပြောစဉ်။

(ပြည်နယ် ကညန)

အထက ညောင်ကျိုး အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ညောင်ကျိုးအထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်း ငဝန်ဧရာခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်၊ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး စုံညီစွာတက်ရောက်ကြပါရန်နှင့် ပူဇော်ပွဲငွေပဒေသာပင်အား ရန်ကုန်တွင် ဦးအေးကျော် ဖုန်း-၀၉-၈၅၉၂၂၇၀၊ ဦးကျော်စိန် ဖုန်း-၀၁-၅၇၇၆၁၂၊ ဦးမြင့်ဆွေ ဖုန်း-၂၂၆၅၅၇၊ ဦးထက်အောင် ဖုန်း-၀၉-၈၀၃၂၅၄၀၊ ဦးအောင်ကိုလတ် ဖုန်း-၀၉-၅၁၈၇၁၇၂ သို့လည်းကောင်း၊ နယ်တွင် ဒေါက်တာ ဌေးဝင်း ဖုန်း-၀၄၄-၂၁၉၁၇၊ ဦးစိုးမြင့် ဖုန်း-၀၉-၈၅၈၇၇၃၇၊ ဦးကျော်ဦး (ဟသ်ာတ) ဖုန်း-၀၉-၈၅၈၀၆၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(ခရိုင်ပြန်/ဆက်)

မြောက်ဥက္ကလာပ အထက(၄)စံပြ အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄)စံပြ အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၆၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း သုံးနှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ဂါရဝပြုနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကွင်းဆင်းကြီးကြပ်

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် မြောင်-ပရိမ္မလမ်း မြို့အဝင်ဆိုင်းဘုတ် လမ်းဘေးဝဲ၊ ယာ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ပန်းအလှအိုးများအတွင်းရှိ မြက်များရှင်းလင်းခြင်းတို့ကို အမှုဆောင်အရာရှိ ဦးမျိုးမင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဆန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - **ရန်တိုက်ပေးနေသည်။**

☆ RFA, DVB - **သွေးထိုးနေသည်။**

☆ **ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။**

ရန်ကုန်မြို့ကို ကွန်ကရစ်လမ်းများဖြင့် အလှဆင်မည်



သတင်းမှတ်စု-သတင်းထောက်သန်းဆွေ (ပန်းဘဲတန်း)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်တိုင်းဒေသကြီး၏ မြို့တော်ဖြစ်သော ရန်ကုန်မြို့ကို မြို့တော်အင်္ဂါရပ်နှင့်အညီ သာယာလှပရေး၊ သပ်ရပ်ခမ်းနား၍ ဥယျာဉ်မြို့တော်ကြီး ဖြစ်စေရန် အချိန်ပြည့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဘက်စုံဆောင်ရွက်လျက်ရှိရာက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ကို မြို့တော်စည်ပင်နယ်နိမိတ်အတွင်းရှိ လမ်းများ၊ တံတားများ၊ စကြံမျာ၊ ရေမြောင်းများ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကို အထူးတာဝန်တစ်ရပ်အနေဖြင့် အချိန်ပြည့် တာဝန်ပေးထားသည်။

တည်ဆောက်ထား

အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)သည် တည်ဆောက်ရေးလုပ်ငန်းများ အလျင်မီလည်ပတ်နေစေရန် အထူးတည်ဆောက်ရေးအဖွဲ့ လေးဖွဲ့ကို ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) စသည့် နေရာများ၌ တည်ဆောက်ဖွင့်လှစ်ထားသည်။

လမ်းများအဆင့်မြင့် ခင်းကျင်းရာ၌ မရှိမဖြစ် အလွန်အရေးပါသော AC စက်ခေါ် ကတ္တရာ ကွန်ကရစ်ဖျော်စက်များကိုလည်း ဒေါပုံ အောဘီစီ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရွှေပြည်သာမြို့နယ်များတွင် တည်ဆောက်အသုံးပြုလျက်ရှိသည်။

ထိုနည်းတူစွာ "ရန်ကုန်မြို့ကို ကွန်ကရစ်လမ်းများဖြင့် အလှဆင်ခြယ်မှုန်းမည်" ဟူသော ဆောင်ပုဒ်အတိုင်း ကွန်ကရစ်ဖျော်စက် ခြောက်ရုံကိုလည်း အင်းစိန် ဖော့ကန်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒေါပုံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ်များတွင် တည်ဆောက်ထားသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲**

ပြောင်းလဲခင်းကျင်း

ကတ္တရာလမ်းအား ကွန်ကရစ်လမ်းအဖြစ် ပြောင်းလဲခင်းကျင်းနေသည်ကို တွေ့ရစဉ်။

ထူးခြားသည့် ညအပူချိန်များ	
၂၉-၁၁-၂၀၁၀	ဟားခါး ၄ ဒီဂရီစင်တီဂရိတ်
	ပင်လောင်း ၅ ဒီဂရီစင်တီဂရိတ်

လော်ကားဥယျာဉ် အမျိုးသားနေ့ဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားသော်လည်း ဒီဇင်ဘာ ၁ ရက် (အမျိုးသားနေ့)တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)